# မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်၊ ၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာ ၂၄ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၆)၊ အမှတ် (၈၅)


## နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ဦးတည်ချက်များ

* ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး။
* တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး။
* ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသား အားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီ ဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့်ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး။
* နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းစိန် ၂၀၀၇ခုနှစ် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကျင်းပရေး ညှိနှိုင်း အစည်းအဝေးတွင် ဆွေးနွေးမှာကြားစဉ်။

(သတင်းစဉ်)





# နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့အခမ်းအနား နိုင်ငံရေးအနှစ်သာရရှိရှိ နေပြည်တော်၌ကျင်းပမည်

# ပြည်ထောင်စုစိတ်ဓာတ်ပြည့်ပြည့်ဝဝဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုပိုမိုခိုင်မြဲရေးဦးတည်

## အမျိုးသားရေးအနှစ်သာရ ပြည့်ဝစွာဖြင့် အောင်မြင်စွာကျင်းပနိုင်ရေး တက်ညီလက်ညီပူးပေါင်းဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၂၃

**၂၀၀၇ခုနှစ် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂နာရီက နေပြည်တော်ရှိ ဝန်ကြီးချုပ်ရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။**

**တက်ရောက်**

အဆိုပါညှိနှိုင်းအစည်းအဝေးသို့ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ ဗဟိုကော်မတီဝင်များဖြစ်ကြသည့် အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယစာရင်းစစ်ချုပ်၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

**ပိုမိုခိုင်မြဲရေး**

ရှေးဦးစွာ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် ယနေ့အစည်းအဝေးသည် ၂၀၀၇ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့တွင် ကျရောက်မည့် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့အခမ်းအနားကို ယခင်အစဉ်အလာကောင်းများနှင့်အညီ တိုင်းရင်းသားများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်ခိုင်မာနေစေရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုခိုင်မြဲရေးကို ဦးတည်၍ အမျိုးသားရေးအနှစ်သာရ ပြည့်ဝစွာဖြင့် အောင်မြင်ခမ်းနားစွာကျင်းပနိုင်ရေးအတွက် ညှိနှိုင်းသည့် အစည်းအဝေးဖြစ်ကြောင်း။

**စာမျက်နှာ ၈ ကော်လံ ၁ ●**

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်)

# နိုင်ငံတော်တွင် ဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်ပေါ်လျက်ရှိ

နိုင်ငံတော်အစိုးရသည် ၁၉၈၈ ခုနှစ် စက်တင်ဘာ ၁၈ ရက်နေ့တွင် နိုင်ငံတော်တာဝန်ကို ရယူခဲ့ပြီးနောက် **၁၉၈၉–၉၀ခုနှစ်မှ ၁၉၉၁–၉၂ခုနှစ်**အထိ သုံးနှစ်ကာလအတွင်း နိုင်ငံတော် တည်ငြိမ်ရေးနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးကို အဓိကထားဆောင်ရွက်ခဲ့သည်။

ယိုယွင်းကျဆင်းခဲ့သည့် စီးပွားရေးကို တည်ငြိမ်၍ ပြန်လည်ဦးမော့လာစေရန် စီးပွားရေး တည်ငြိမ်ရေး အစီအစဉ်များ ချမှတ်ဆောင်ရွက်ခဲ့သည်။ ယင်းသို့ ဆောင်ရွက်နိုင်ခဲ့သဖြင့် နိုင်ငံ၏စီးပွားရေးသည် ၁၉၈၉–၉၀ခုနှစ်မှ ၁၉၉၁–၉၂ခုနှစ်အထိ သုံးနှစ်အတွင်း ၅ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်။

၁၉၉၂–၉၃ခုနှစ်မှစ၍ နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရန်အတွက် ကာလတိုစီမံကိန်းများ ချမှတ် ဆောင်ရွက်ခဲ့သည်။ ၁၉၉၂–၉၃ခုနှစ်မှ ၁၉၉၅–၉၆ ခုနှစ်အထိ ကာလတို လေးနှစ် စီမံကိန်းကို စီးပွားရေးတိုးတက်မှုနှုန်း တစ်နှစ်ပျမ်းမျှ ၅ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းဆောင်ရွက်ခဲ့ရာ ၇ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ လူတစ်ဦးစီ၏ဝင်ငွေမှာ ၁၉၉၁–၉၂ခုနှစ်တွင် ၄၄၉၆ကျပ်ရှိခဲ့ပြီး ၁၉၉၅–၉၆ခုနှစ် တွင် ၁၃၅၁၅ ကျပ် ရှိခဲ့သည်။

ဆက်လက်၍ ကာလတိုငါးနှစ်စီမံကိန်း (၁၉၉၆–၉၇ခုနှစ်မှ ၂၀၀၀–၂၀၀၁ခုနှစ်)ကို အကောင်အထည်ဖော်ခဲ့ရာ ၈ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး (၂၀၀၁–၂၀၀၂ခုနှစ်မှ ၂၀၀၅–၂၀၀၆ခုနှစ်) ငါးနှစ်စီးပွားရေး စီမံကိန်းကာလအတွင်း စီးပွားရေးတိုးတက်မှုနှုန်း ၁၂ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်လာကာ လူတစ်ဦးစီ၏ ဝင်ငွေမှာလည်း ၂၂၁၂၇ကျပ် ဖြစ်ခဲ့သည်။

ကဏ္ဍကြီးများအလိုက် စီမံကိန်းအကောင်အထည်ဖော်ခဲ့ရာတွင်လည်း လယ်ယာကဏ္ဍ တွင် ၉ ဒသမ ၈ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍတွင် ၂၃ ဒသမ ၅ ရာခိုင်နှုန်းနှင့် ဝန်ဆောင်မှုကဏ္ဍ တွင် ၁၃ ဒသမ ၉ ရာခိုင်နှုန်း အသီးသီးတိုးတက်ခဲ့သည်။

နိုင်ငံတော်၏ စေတနာ၊ ချမှတ်ထားသော ဦးတည်ချက်များ မှန်ကန်ကောင်းမွန်မှု၊ တိုင်းရင်းသား ပြည်သူများ၏ ပူးပေါင်းပါဝင် ကြိုးပမ်းမှုကြောင့် နိုင်ငံတော်တွင် ဖွံ့ဖြိုး တိုးတက်မှုများဖြစ်ပေါ်လျက်ရှိရာ ပိတ်ဆို့ဟန့်တား နှောင့်ယှက်မှုများသာ မရှိပါက ယခု ထက် အဆပေါင်းများစွာ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပေသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ကမ္ဘာ့အကြီးဆုံး ခရီးသည်တင်လေယာဉ် ကိုးစင်း စင်ကာပူလေကြောင်း ဝယ်ယူမည်

စင်ကာပူ ဒီဇင်ဘာ ၂၃

**စင်ကာပူလေကြောင်းလိုင်း (အက်စ်အိုင်အေ)သည် ဥရောပလေယာဉ်ထုတ်လုပ်ရေး ကုမ္ပဏီကြီးဖြစ်သော အဲဘတ်စ်မှ အေ–၃၈၀ အမျိုးအစား လေယာဉ်ကိုးစင်း ဝယ်ယူရန် သဘောတူညီချက် စာချုပ်တစ်ရပ်ကို ဒီဇင်ဘာ ၂၀ရက်က လက်မှတ်ရေးထိုးလိုက်သည်။**

ယင်းသဘောတူညီချက်ကို ယခု နှစ် ဇူလိုင်လအတွင်း စင်ကာပူလေ ကြောင်းလိုင်းက ကြေညာထားခဲ့သည်။ ယင်းလေကြောင်းလိုင်းက အဆိုပါ အေ–၃၈၀လေယာဉ် ၁၉ စင်းအထိ ဝယ်ယူရန် မှာယူထားခဲ့သည်။

အဆိုပါ လေယာဉ်ကိုးစင်းကို ၂၀၁၀ပြည့်နှစ် ဇန်နဝါရီလတွင်စင်ကာပူ နိုင်ငံက လက်ခံရရှိမည်ဖြစ်ပြီး ၂၀၁၁ တွင် အပြီးပို့ဆောင်ပေးရန် သဘောတူ ညီချက်တွင် ဖော်ပြထားသည်။ အက်စ် အိုင်အေသည် အေ–၃၈၀ လေယာဉ် ကြီးများ အဲဘတ်စ်မှပထမဆုံး မှာယူ သည့် လေကြောင်းဖြစ်လာသည်။

**ပျံသန်းနိုင်**

စူပါဂျမ်ဘိုဟု အမည်ပေးထား သော အဆိုပါလေယာဉ်ကြီးများသည် ကမ္ဘာတွင် အကြီးဆုံးစီးပွားရေးအရ ပြေးဆွဲ သော လေယာဉ်များဖြစ်သည်။ ခရီးသည် ၅၅၅ ဦးမှ ၈၄၀ အထိ တင် ဆောင်နိုင်ပြီး ခရီးအကွာအဝေး ကီလို မီတာ ၁၅၀၀၀ တိုက်ရိုက်ပျံသန်း ပြေးဆွဲ နိုင်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

## ဗြိတိန်ဝန်ကြီးချုပ်၏ ဝေဖန်ပြောဆိုမှု အီရန်နိုင်ငံက ပြစ်တင်ရှုတ်ချ

**တီဟီရန် ဒီဇင်ဘာ ၂၃**

အရှေ့အလယ်ပိုင်းဒေသ ငြိမ်းချမ်းရေးဖော်ဆောင်ရာတွင် အီရန်၏ အခန်း ကဏ္ဍမှာ ခလုတ်တံသင်း ဖြစ်နေသည်ဆိုသော ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲ၏ ဝေဖန်ပြောကြားချက်ကို အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၂၀ ရက်က ပြစ်တင်ရှုတ်ချလိုက်သည်ဟု အိုင်အာရ်အိုင်အေသတင်းဌာနက ကြေညာသည်။

**စွက်ဖက်**

ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲ၏ ရန်လို၊ မလို မုန်းထားသော ဝေဖန်ပြော ဆိုချက်များက ဗြိတိန်နိုင်ငံအနေဖြင့် ဒေသတွင်း အရေးအရာများကို ပြောင်ပြောင် တင်းတင်း ဝင်ရောက်စွက်ဖက်နေခြင်းကို ပြသလိုက်ခြင်းပင် ဖြစ်သည်ဟု အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မိုဟာမက် အလီဟူစိန်နီက ပြောကြားလိုက်သည်။

ဝန်ကြီးချုပ်တိုနီဘလဲ၏ ဝေဖန်ပြောဆိုချက်များသည် စည်းလုံးညီညွတ်မှု ပျက်ပြားအောင်လှုံ့ဆော်သည့် ဗြိတိန်နိုင်ငံ၏ အစီအစဉ်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ထိုသို့သော မလိုတမာဝေဖန်မှုကြောင့် ဒေသတွင်းနိုင်ငံများ၏ ချစ်ကြည် ရင်းနှီးစွာ ညီအစ်ကိုဆက်ဆံရေးနှင့် ငြိမ်းချမ်းစွာယှဉ်တွဲနေထိုင်မှုကို ထိခိုက်မည် မဟုတ်ကြောင်းဖြင့်လည်း ၎င်းက ထည့်သွင်းပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## အိန္ဒိယအမျိုးသမီးတစ်ဦး မျက်မမြင်ကလေးခြောက်ဦး ထူးဆန်းစွာ မွေးဖွားခဲ့

ပတ္တနား (အိန္ဒိယ) ဒီဇင်ဘာ ၂၃

**အိန္ဒိယနိုင်ငံမြောက်ပိုင်း ဘီဟာ ပြည်နယ်မှ မျက်လုံးအမြင်ကောင်းမွန် သော အိန္ဒိယအမျိုးသမီးတစ်ဦးသည် ကလေးခြောက်ဦး မွေးဖွားခဲ့ရာတွင် အားလုံးမှာ မွေးဖွားလာကတည်းက မျက်စိမမြင်ကြကြောင်း၊ ယင်းကိစ္စမှာ ထူးခြားဆန်းကြယ်လွန်းသဖြင့် ဆေး သိပ္ပံအရ ပဟေဠိပုစ္ဆာတစ်ပုဒ် ဖြစ်နေ ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြ ထားသည်။**

**ကာမာလာဒါတွန် အမည်ရှိ အသက် ၄၅ နှစ်အရွယ်ရှိ အဆိုပါ အမျိုးသမီးသည် လွန်ခဲ့သော ၂၅နှစ်က မူဇက်ဖာပါခရိုင်၌ မျက်စိမမြင်သော မက်ချ်ဘော့အမည်ရှိ အမျိုးသားတစ်ဦး နှင့် အိမ်ထောင်ပြုခဲ့ကြသည်ဟုဆိုသည်။ သာမန်အမျိုးသားတစ်ဦးက ကိုယ်အင်္ဂါ မသန်စွမ်းသူနှင့် အိမ်ထောင်ပြုသည့် အခါ မသန်စွမ်းကလေးများ မွေးနိုင် ကြောင်း ဆေးပညာလေ့လာချက်များ က ဖော်ပြထားသည်။**

**သို့သော်လည်း အဆိုပါအမျိုး သမီးသည် မျက်မမြင်ကလေးများ၏ မိခင်ဖြစ်နေခဲ့၍ မိမိတို့အတွက် အမှန် တကယ်ပင် ပဟေဠိပုစ္ဆာကို အဖြေ ထုတ်ရန် ခက်နေကြောင်း ပတ္တနား တက္ကသိုလ် ဇီဝဓာတုဝါရင့်ပါမောက္ခ ကြီး ဒေါက်တာအက်စ်အာပတ်ဒီယိုက ဒီဇင်ဘာ ၂၀ရက်တွင် ဆင်ဟွာသို့ ဖုန်းဆက် ပြောကြားခဲ့သည်။**

အမ်အင်အေ၊ဆင်ဟွာ

## မြဝတီရုပ်မြင်သံကြား

**၂၄–၁၂–၂၀၀၆ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | မြဝတီအဖွင့် |
| ၇:၀၅ | ၂။ | အဖွင့်သီချင်း |
| ၇:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇:၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၃၀ | ၅။ | မြန်မာသံစဉ်ချိုနှားဝင် |
| ၇:၄၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၇:၅၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇:၅၅ | ၈။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈:၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၁၀။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈:၁၅ | ၁၁။ | ဆရာတော် ဦးဃောသိတ တရားတော် **“သစ္စဉာဏ်၊ ကစ္စဉာဏ်၊ ကတဉာဏ်”** |

**နေ့လယ်ပိုင်း**

| | | |
|---|---|---|
| ၁၂:၀၀ | ၁။ | မြဝတီအဖွင့် |
| ၁၂:၀၅ | ၂။ | အဖွင့်သီချင်း |
| ၁၂:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၁၂:၂၀ | ၄။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၁၂:၃၀ | ၅။ | မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **ငယ်ချစ်ဦးရဲ့ မင်္ဂလာမှတ်တမ်း** |
| ၁၂:၅၀ | ၆။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |

**ညပိုင်း**

| | | |
|---|---|---|
| ၄:၀၀ | ၁။ | မြဝတီအဖွင့် |
| ၄:၀၅ | ၂။ | အဖွင့်သီချင်း |
| ၄:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၄:၂၀ | ၄။ | လက်စွမ်းပြဟန်ဂီတသံ |
| ၄:၃၀ | ၅။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၄:၄၀ | ၆။ | ချိုမြလက်သံငြိမ့်ညောင်းဟန် |
| ၄:၅၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၅:၀၀ | ၈။ | သံစဉ်များနှင့်ကမ္ဘာ |
| ၆:၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၀ | ၁၀။ | နိုင်ငံတကာသတင်း |
| ၆:၂၀ | ၁၁။ | မိုးလေဝသသတင်း |
| ၆:၂၅ | ၁၂။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၆:၃၀ | ၁၃။ | လျှပ်တစ်ပြက် |
| ၆:၄၅ | ၁၄။ | အံ့သြဖွယ်ရာဆပ်ကပ်ပညာ |
| ၇:၀၀ | ၁၅။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ကျေးတောသူ”** (အပိုင်း–၁၃) |
| ၈:၀၀ | ၁၆။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၇။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၈။ | ပဟေဠိနန်းတော် |
| | ၁၉။ | ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင် |
| | ၂၀။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ဘက်မတူတဲ့တက်လူ”** (အပိုင်း–၂၀) |




## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၄–၁၂–၂၀၀၆ (တနင်္ဂနွေနေ့)**

| | |
|---|---|
| ၇:၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇:၀၅ | သုပ္ပဝါသာတရားတော် (အပိုင်း–၂) (သီတဂူဆရာတော်) |
| ၇:၅၀ | Sunday Talk [ဒေါက်တာဇော်သန်း၊ ကိုကို (စက်မှုတက္ကသိုလ်)] |
| ၈:၃၀ | တေးဂီတအစီအစဉ် |
| ၈:၃၅ | စာပေပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း (ဒေါ်စောမုံညင်း) |
| ၈:၅၀ | တေးဂီတအစီအစဉ် |
| ၈:၅၅ | Celebrity Style (ဇင်ဇင်ဇော်မြင့်) |
| ၉:၂၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉:၃၅ | ထက်မြက်ထူးခြား Aikido အားကစား |
| ၁၀:၀၀ | တေးဂီတအစီအစဉ် |
| ၁၀:၀၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀:၁၀ | နိုင်ငံတကာအနုပညာရေးရာ |
| ၁၀:၄၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၀:၄၅ | လျှပ်စစ်စွမ်းအင် ထရန်စဖော်မာပါဝင် |
| ၁၁:၂၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁:၃၀ | မိသားစုတနင်္ဂနွေ (တိရစ္ဆာန်ဥယျာဉ်) |
| ၁၂:၀၅ | တေးဂီတအစီအစဉ် |
| ၁၂:၁၀ | စိုက်ပျိုးရေးကဏ္ဍအတွက် အကျိုးထူးစေတဲ့ ကယားပြည်နယ်ရဲ့ နီးကိုး လျှပ်စစ်ရေတင်လုပ်ငန်း |
| ၁၂:၂၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၂:၂၅ | ICT ဈေးပွဲတော် (၂၀၀၆)နှင့် တတိယအကြိမ်ပညာရေး အထောက်အကူပြု Project ပြိုင်ပွဲ |
| ၁၂:၅၀ | သီးနှံစိုက်ပျိုးအထွက်တိုး ‘စပါးပန်းတိုင်အထွက်နှုန်း’ |
| ၁၂:၅၅ | တေးဂီတအစီအစဉ် နောက်တစ်နေ့အစီအစဉ် Public Advice |
| ၁:၀၀ | MRTV-4 အပိတ် Logo၊ |

**အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇နာရီအထိတစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ် နံနက် ၁ နာရီမှ နံနက်၇ နာရီအထိတစ်ကြိမ် လေးကြိမ် ဆက်တိုက် ၂၄ နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

# နိုင်ငံတော်အလံတွင် အစိမ်းရောင်၊ အဝါရောင်နှင့် အနီရောင်တို့ကို အလျားလိုက် အချိုးညီစွာဖော်ပြပြီး အစိမ်းရောင်တွင် လက်ဝဲဘက်၌ ကြယ်ဖြူကြီးကို အထက်ဘက်သို့ မတ်မတ်ညွှန်လျက် တည်စေရမည်




ရန်ကုန် ဒီဇင်ဘာ ၂၃

**ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ၂၀၀၆ခုနှစ် ဒီဇင်ဘာ၂၂ရက်တွင် ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေ ပြဋ္ဌာန်းချက်များ အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်ပြသည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်သော လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ အကြံပြုချက်စာတမ်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်–**



**စာတမ်း ဖတ်ကြား**

လားဟူ အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေး ပါတီမှ ဦးကျာဟားရဲ့လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၏အကြံပြုချက်စာတမ်းကိုဖတ်ကြား တင်ပြစဉ်။

(သတင်းစဉ်)

လေးစားအပ်ပါသော သဘာပတိကြီးနဲ့ သဘာပတိအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များ၊ အမျိုးသား ညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံသို့ တက်ရောက်လာကြသော ကိုယ်စားလှယ်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ရှေးဦးစွာ ဆုတောင်း မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ အမျိုးသားညီလာခံ ကိုယ်စားလှယ် ဦးကျာဟားရဲ့ ဖြစ်ပါတယ်။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေ ပြဋ္ဌာန်းချက်များအခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြား တင်ပြသွားမှာ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင်ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းအခန်းနှင့် စပ်လျဉ်း၍ ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်းပြီး ဦးစွာဆွေးနွေးတင်ပြမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပုဒ်မ ၂၀၈တွင် (၁) ဤအခြေခံဥပဒေကို ပြင်ရန်တင်သွင်းသောအဆိုကို ဥပဒေကြမ်းအဖြစ် တင်သွင်းရမည်။ ထိုဥပဒေကြမ်းကို ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ပြင်ရန် ဥပဒေကြမ်းဟူ၍ ဖော်ပြရမည်။ (၂)ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကိုပြင်ရန် အဆိုတစ်ခုသော်လည်းကောင်း၊ အများသော်လည်းကောင်း ပါဝင်သော ဥပဒေကြမ်းတွင် အခြားအဆိုများမပါရလို့ ဖော်ပြထားတာ လေ့လာတွေ့ရှိရပါတယ်။ ဒါကြောင့် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ပြင်ဆင်လိုပါက အောက်ဖော်ပြပါ သတ်မှတ်ထားသော နည်းလမ်းအတိုင်း ဆောင်ရွက်ရမည်–

**(က) ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန်တင်သွင်းသော အဆိုပြုချက်ကို ဥပဒေမူကြမ်းအဖြစ်ဖြင့် တင်သွင်းရမည်။**

**(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် အဆိုတင်သွင်းသော ဥပဒေမူကြမ်းတွင် အခြားအဆိုများ မပါဝင်ရလို့ အသေးစိတ်အခြေခံမူအဖြစ် သတ်မှတ်သင့်ကြောင်း၊**

နောင်ပေါ်ပေါက်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်တွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ဟူ၍ လွှတ်တော်နှစ်ရပ်ရှိပြီး ယင်းလွှတ်တော်နှစ်ရပ်ပေါင်းကို ပြည်ထောင်စုလွှတ်တော်လို့ခေါ်ပြီး အဲဒီပြည်ထောင်စု လွှတ်တော်ကသာ ဥပဒေများကို ရေးဆွဲပြဋ္ဌာန်းသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် ဥပဒေမူကြမ်းကို ပြည်ထောင်စု လွှတ်တော်တွင် တင်သွင်းရမည်လို့ အခြေခံမူ ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၂၀၉ (၂)မှာ ထိုဥပဒေကြမ်းကို ပါလီမန်ဆိုင်ရာ လွှတ်တော်အသီးသီးက အတည်ပြုပြီးနောက် လွှတ်တော်နှစ်ရပ်လုံးကပင် တွဲဖက်အစည်းအဝေး၌ စဉ်းစားဆွေးနွေးရမည်လို့ ပြဋ္ဌာန်းထားတာ လေ့လာတွေ့ရှိရပါတယ်။ ပြည်ထောင်စုလွှတ်တော်သို့သာ တင်သွင်းနိုင်တဲ့ သဘောဖြစ်တာကြောင့် ဒီလိုမတင်သွင်းမီ ပြည်ထောင်စုလွှတ်တော်မှာရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် အားလုံးအနက် စုစုပေါင်းရဲ့ နှစ်ဆယ်ရာခိုင်နှုန်းက တင်ပြမှသာ ပြည်ထောင်စုလွှတ်တော်က လက်ခံဆွေးနွေးဖို့ သတ်မှတ်ထားသင့်ပါတယ်။ ဒါကြောင့်–

ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်ရန် ဥပဒေမူကြမ်းကို ပြည်ထောင်စု လွှတ်တော်ရှိ လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ နှစ်ဆယ်ရာခိုင်နှုန်းက တင်ပြလာလျှင် အဆိုပါပြင်ဆင်ချက် ဥပဒေမူကြမ်းကို ပြည်ထောင်စုလွှတ်တော်က လက်ခံဆွေးနွေးရမည်လို့ အခြေခံမူတစ်ရပ် ချမှတ်သင့်ကြောင်း။

မြန်မာနိုင်ငံရဲ့ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် လွှတ်တော်နှစ်ရပ်၏ လက်ရှိအမတ်များအနက် သုံးပုံနှစ်ပုံအောက် မလျော့သော အမတ်များက တွဲဖက်အစည်းအဝေးတွင် ထောက်ခံ၍ မဲပေးမှသာလျှင် ထိုဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်လုံးက အတည်ပြုသည်ဟု မှတ်ယူရမည်လို့ ပြဋ္ဌာန်းထားသည်ကို တွေ့ရှိပြီး ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေတွင်မူ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ခြင်းနဲ့ စပ်လျဉ်းပြီး သီးခြားအခန်း တစ်ခန်းဖြင့် ဖော်ပြထားတာ လေ့လာတွေ့ရှိရပါတယ်။ ဒါကြောင့်–

**(က) ချမှတ်ခဲ့ပြီးဖြစ်သည့် အခြေခံရမည့် မူများနှင့် အသေးစိတ် အခြေခံရမည့်မူများရှိ နိုင်ငံတော်အခြေခံမူများ၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ၊ဥပဒေပြုရေး၊အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး ဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ အခန်းတို့ရှိ ပြဋ္ဌာန်းချက်များကို ပြင်ဆင်လိုလျှင် ပြည်ထောင်စု လွှတ်တော် ကိုယ်စားလှယ်အားလုံး၏ ခုနစ်ဆယ့်ငါးရာခိုင်နှုန်း ကျော်က ပြင်ဆင်ရန်သဘောတူ လက်ခံပြီးနောက် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပ၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အားလုံး၏ ထက်ဝက် ကျော် ဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်။**

**(ခ) အပိုဒ်(က)တွင် ဖော်ပြထားသည့် ပြဋ္ဌာန်းချက်များမှအပ အခြား ပြဋ္ဌာန်းချက်များကို ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ် အားလုံး၏ ခုနစ်ဆယ့်ငါးရာခိုင်နှုန်းကျော်၏ ဆန္ဒမဲဖြင့်သာ ပြင်ဆင် ရမည်။**

**(ဂ) အပိုဒ်(က)ပါ အခန်းများနှင့် သက်ဆိုင်ရာ အကျုံးဝင်မည့် ပုဒ်မများကို ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း ရေးဆွဲသည့်အခါ ထည့်သွင်း ပြဋ္ဌာန်းရမည်လို့ အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့် ပါကြောင်း သုံးသပ်ရရှိပါတယ်။**

**သဘာပတိကြီးခင်ဗျား–**

ကျွန်တော်ယခု နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်းအတွက် ချမှတ်သင့်တဲ့ အခြေခံမူတွေကို ဆက်လက်ဆွေးနွေးတင်ပြမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် တိုင်းရင်းသားလူမျိုးများသည် နှစ်ကာလကြာရှည်စွာကပင် အေးအတူပူအမျှ ချစ်ခင်ရင်းနှီးစွာ စုပေါင်းနေထိုင်လာခဲ့ကြပါတယ်။ ဒါ့အပြင် ပြည်ထောင်စုသားအားလုံး ဥမကွဲသိုက်မပျက် စည်းလုံးညီညွတ်စွာ နေထိုင်ကြသည့်အလျောက် ပြည်ထောင်စုနိုင်ငံတော်ကို ကိုယ်စားပြုသည့် ကြယ်ဖြူပွင့်ကြီးကို အထက်ဘက်ကို မတ်မတ်ညွှန်လျက် နိုင်ငံတော်အလံမှာ ဖော်ပြသင့်ပါတယ်။ မြန်မာနိုင်ငံတော်ဟာ စိုက်ပျိုးရေးကို အခြေခံတဲ့တိုင်းပြည်ဖြစ်ပြီး အေးချမ်းသာယာ၍ စိမ်းလန်းစိုပြည်သော နိုင်ငံအဖြစ် ဖော်ညွှန်းတဲ့ အစိမ်းရောင်ကိုလည်း နိုင်ငံတော်အလံမှာ ဖော်ပြသင့်ပါတယ်။ ဒါ့အပြင် စည်းလုံးခြင်း၊ ညီညွတ်ခြင်း၊ ပြန်လည်စုစည်းခြင်းနဲ့ တိုင်းရင်းသားများအားလုံး ချစ်ခင်ရင်းနှီး ညီညွတ်စွာ စည်းစည်းလုံးလုံး ရှိခြင်းတို့ကို အဓိပ္ပာယ်ဖော်ဆောင်တဲ့ အဝါရောင်ကိုလည်း ဖော်ပြသင့်ပါတယ်။ ထို့အပြင် ရဲရင့်ခြင်း၊ ပြတ်သားခြင်းဟူသော အဓိပ္ပာယ်ကို ဖော်ဆောင်တဲ့ အနီရောင်ကိုလည်း ဖော်ပြသင့်ပါတယ်။ အထက်တွင် ရှင်းလင်းတင်ပြခဲ့တဲ့ နိုင်ငံတော်အလံမှာ ဖော်ပြသင့်တဲ့ အရောင်များဖြစ်တဲ့ အစိမ်းရောင်၊ အဝါရောင်နဲ့ အနီရောင် သုံးမျိုးဟာ မိမိတို့နိုင်ငံရဲ့ သဘာဝအခြေအနေနဲ့ တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ဖော်ဆောင်တဲ့အတွက် အဲဒီအရောင်သုံးမျိုးကို နိုင်ငံတော်အလံမှာ အလျားလိုက် အချိုးညီမျှစွာ ဖော်ပြသင့်ပါတယ်။ ထို့အပြင် ထိပ်ဆုံး အစိမ်းရောင် လက်ဝဲဘက်တွင် ပြည်ထောင်စုကို ကိုယ်စားပြုတဲ့ ကြယ်ဖြူပွင့်ကြီးကို အထက်ဘက်သို့ မတ်မတ်ညွှန်လျက် ဖော်ပြသင့်ပါတယ်။

ဒါကြောင့် နိုင်ငံတော်အလံနဲ့စပ်လျဉ်းပြီး–

**“၁။ နိုင်ငံတော်အလံကို အောက်ပါအတိုင်း သတ်မှတ်ရမည်။ နိုင်ငံတော်အလံတွင် အစိမ်းရောင်၊ အဝါရောင်နှင့် အနီရောင်တို့ကို အလျားလိုက် အချိုးညီစွာဖော်ပြပြီး အစိမ်းရောင်တွင် လက်ဝဲဘက်၌ ကြယ်ဖြူကြီးကို အထက်ဘက်သို့ မတ်မတ်ညွှန်လျက် တည်စေရမည်။**

**၂။ နိုင်ငံတော်အလံနှင့် စပ်လျဉ်း၍ ဥပဒေပြဋ္ဌာန်းရမည်”**

လို့ အသေးစိတ်အခြေခံမူတစ်ရပ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်အတွက် အခြေခံရမည့်မူနဲ့ ပတ်သက်ပြီး ဆက်လက်တင်ပြသွားမှာ ဖြစ်ပါတယ်။ အမျိုးသားညီလာခံက နိုင်ငံတော်နဲ့ စပ်လျဉ်းတဲ့ အခြေခံမူချမှတ်ရာတွင် **“နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံးမှာတည်သည်”** ဆိုတဲ့ အခြေခံရမယ့်မူနဲ့ “နိုင်ငံတော်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟု ခေါ်တွင်မည်”ဆိုတဲ့ အခြေခံရမည့်မူ ချမှတ်ခဲ့ပြီး ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်မှာ ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ မြေပုံကို ထည့်သွင်းထားရှိသင့်ပါတယ်။

ထို့ပြင် နိုင်ငံတော်ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဟု ခေါ်တွင်မည်လို့ အမျိုးသားညီလာခံက အခြေခံမူ ချမှတ်ထားတာနဲ့အညီ နိုင်ငံတော် အထိမ်းအမှတ်တံဆိပ်ရဲ့ အောက်ခြေပိုင်းမှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဆိုတဲ့စာသားကို ထည့်သွင်းသင့်ပါတယ်။

နိုင်ငံတော်ရဲ့ လွတ်လပ်ရေးအတွက် ကိုလိုနီနယ်ချဲ့နဲ့ ဖက်ဆစ်တို့ကို ပြည်သူ့အင်အားနဲ့ တော်လှန်ခဲ့စဉ်က အသုံးပြုခဲ့တဲ့ ကြယ်ဖြူတစ်ပွင့်ကိုလည်း တော်လှန်ရေးအမှတ်အသားအဖြစ် နိုင်ငံတော် အထိမ်းအမှတ်တံဆိပ်မှာ ပါရှိသင့်ပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ နိုင်ငံတော်တံဆိပ်များမှာ အစဉ်အလာ အသုံးပြုခဲ့တဲ့ မြန်မာမှုလက်ရာ ကေသရာဇာခြင်္သေ့ပုံနဲ့ မြန်မာ့ရိုးရာ ကနုတ်ပန်းဖြင့် နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ကို ခြယ်မှုန်းသင့်ပါတယ်။

ဒါကြောင့် နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ကို ဖော်ပြပြီး–

**“နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်သည် အောက်ပါအတိုင်းဖြစ်သည်”**လို့ အခြေခံမူတစ်ရပ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အခု ဆက်လက်ပြီး နိုင်ငံတော်သီချင်းနဲ့ပတ်သက်ပြီး အသေးစိတ်အခြေခံရမည့်မူတစ်ရပ် ချမှတ်ရေးနဲ့ စပ်လျဉ်းပြီး ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိနိုင်ငံတော်သီချင်းကို အသုံးပြုခဲ့တာ ရာစုနှစ်တစ်ဝက်ကျော်ပြီး ဖြစ်ပါတယ်။ အမျိုးသားညီလာခံက နိုင်ငံတော်ရဲ့ဦးတည်ချက်နဲ့စပ်လျဉ်းပြီး ချမှတ်ခဲ့တဲ့ အခြေခံရမယ့်မူများမှာ နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေးဆိုတဲ့ မူတစ်ရပ်ပါရှိပါတယ်။ လက်ရှိ နိုင်ငံတော်သီချင်းမှာလဲ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းဆိုတဲ့ ဖြူစင်သောဝါဒကို ဖော်ပြပါရှိပါတယ်။ ဒါ့အပြင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ ပါရှိပါတယ်။ နိုင်ငံတော်ကို ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်သည်ဆိုတဲ့ အခြေခံရမယ့်မူနဲ့ နိုင်ငံတော်တွင်ပါဝင်မယ့် တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ စသည့် နိုင်ငံတော်၏ နယ်မြေ အပိုင်းအခြားဟူသမျှသည် နိုင်ငံတော်မှ မည်သည့်အခါမှ မခွဲထွက်ရဆိုတဲ့ အခြေခံမူတစ်ရပ် ချမှတ်ထားပြီး ဖြစ်ပါတယ်။ လက်ရှိနိုင်ငံတော်သီချင်းမှာ မိမိတို့ရဲ့ ဘိုးဘွားအမွေအနှစ်ဖြစ်တဲ့ ပြည်ထောင်စုအမြဲတည်တံ့စေဖို့ ထိန်းသိမ်းရေး၊ ပြည်ထောင်စုကို အသက်ပေးကာကွယ်ရေး၊ ပြည်ထောင်စုအကျိုးကို ညီညွတ်စွာ ထမ်းဆောင်ရေးတို့သည် မိမိတို့၏ တာဝန်ဖြစ်ကြောင်း ဖော်ညွှန်းချက်များ ပါရှိပါတယ်။

ဒါ့ကြောင့် နိုင်ငံတော်သီချင်းအတွက် စပ်လျဉ်းပြီး–

**“နိုင်ငံတော်သီချင်းအဖြစ် လက်ရှိနိုင်ငံတော်သီချင်းကို သတ်မှတ်သည်”**လို့ အခြေခံမူအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ပြည်ထောင်စုမြန်မာနိုင်ငံတော်ရဲ့ မြို့တော်သတ်မှတ်ရေးနဲ့ပတ်သက်ပြီး ဆက်လက်တင်ပြသွားမှာ ဖြစ်ပါတယ်။ နိုင်ငံအတော်များများရဲ့ မြို့တော်များဟာ နိုင်ငံရဲ့အလယ်ဗဟိုမှာ တည်ရှိကြတာ တွေ့ရပါတယ်။ နိုင်ငံတိုင်းမှာ ဗဟိုအစိုးရ ရုံးစိုက်ရာမြို့ကို နိုင်ငံတော်ရဲ့မြို့တော်အဖြစ် သတ်မှတ်လေ့ရှိတာ တွေ့ရှိရပါတယ်။ နိုင်ငံတော်ရဲ့ မြို့တော်အဖြစ် သွားရေးလာရေး အဆင်ပြေပြီး နိုင်ငံတော်ရဲ့ အချက်အချာကျမယ့် နေရာဒေသကို ရွေးချယ်သတ်မှတ်လေ့ရှိတာ လေ့လာတွေ့ရှိရပါတယ်။

မိမိတို့နိုင်ငံမှာ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုရရှိရေးအတွက်သော်လည်းကောင်း၊ ပြည်နယ်၊ တိုင်းအသီးသီးတို့နှင့် ဆက်သွယ်ရာတွင် ပိုမိုလွယ်ကူစေရန်သော်လည်းကောင်း နိုင်ငံတော်၏အလယ်တွင်ရှိသော ဒေသကို ရွေးချယ်ပြီး နိုင်ငံတော်၏ မြို့တော်ဖြစ်တဲ့ နေပြည်တော်ကို တည်ဆောက်ပြီး ဖြစ်ပါတယ်။ ယခုအခါ နိုင်ငံတော်အစိုးရ၏ ဗဟိုရုံးများမှာ နေပြည်တော်တွင် ရုံးစိုက်လျက် နိုင်ငံတော်၏ လုပ်ငန်းတာဝန်အဝဝကို ဆောင်ရွက်လျက်ရှိကြတဲ့အတွက် နိုင်ငံတော်အစိုးရဗဟိုရုံးများ ရုံးစိုက်ထားရာ နေပြည်တော်ကို နိုင်ငံတော်၏ မြို့တော်အဖြစ် သတ်မှတ်သင့်ပါတယ်။ ဒါကြောင့်–

**“နေပြည်တော်သည် နိုင်ငံတော်၏ မြို့တော်ဖြစ်သည်”**လို့ အသေးစိတ် အခြေခံမူတစ်ရပ် ချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ယခုဆက်လက်ပြီး “ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များအခန်း”အတွက် ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူများနဲ့စပ်လျဉ်းပြီး ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၅တွင် “ဤဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ ထက်ဝက်ကျော်ဆန္ဒမဲဖြင့် အတည်ပြုပြဋ္ဌာန်းပြီးသည့်နေ့မှစ၍ နိုင်ငံတော်တစ်ဝန်းလုံး၌ အာဏာတည်သည်”ဟု ပြဋ္ဌာန်းထားတာ လေ့လာသိရှိရပါတယ်။

ဒါ့ပြင် ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၆တွင် “ဤဖွဲ့စည်းပုံ အခြေခံဥပဒေ အာဏာတည်သည့်နေ့မှစ၍ ပြည်သူ့လွှတ်တော်၏ ပထမအကြိမ် အစည်းအဝေး မကျင်းပမီ ကာလအတွင်း ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ ပြည်သူ့လွှတ်တော်က လုပ်ဆောင်ရန်ရှိသည်များကို ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီက နိုင်ငံတော်၏အချုပ်အခြာအာဏာကို ဆက်လက်ခံယူကျင့်သုံး၍ လုပ်ဆောင်ရမည်”လို့ ဖော်ပြထားတာ လေ့လာသိရှိရပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဟာ နိုင်ငံတော်၏ ဦးတည်ချက်များ ထမြောက်အောင်မြင်စေရန် အခြေခံအုတ်မြစ်များကို ချမှတ်ခြင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်ကြီးတည်ဆောက်ရေးအတွက် အရှိန်အဟုန်ဖြင့် ဘက်စုံစီမံဆောင်ရွက်ရာမှာ မူဝါဒလမ်းညွှန်မှုများ၊ ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေ၊ အမိန့်၊ ကြေညာချက်များ ထုတ်ပြန်ခြင်း စသည့် ဆောင်ရွက်ချက်များကို ပြုလုပ်ခဲ့ပါတယ်။ အဲဒီလို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ဆောင်ရွက်ချက်များ၊ တာဝန်များနှင့် ရပိုင်ခွင့်များကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက်လာသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်က ဆက်ခံကြောင်း မူတစ်ရပ်ချမှတ်သင့်ပါကြောင်း၊ နောင်ပေါ်ပေါက်လာမယ့် ပြည်ထောင်စု လွှတ်တော်သည်လည်းကောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ အစိုးရသည် လည်းကောင်း ဖွဲ့စည်းပုံ အခြေခံဥပဒေက

စာမျက်နှာ ၄ ကော်လံ ၁ သို့

# ဤ၌ဖွဲ့စည်းပုံ အခြေခံဥပဒေပါ စကားရပ်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် တည်ဆဲစကားရပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆိုရေး ဥပဒေကို ကိုးကားရမည်




ရန်ကုန် ဒီဇင်ဘာ ၂၃

**ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ၂၀၀၆ခုနှစ် ဒီဇင်ဘာ ၂၂ရက်တွင် ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေ ပြဋ္ဌာန်းချက်များ အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်ပြသည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သော ပြည်ထောင်စု ကရင်အမျိုးသားများ အဖွဲ့ချုပ်၏ အကြံပြုချက်စာတမ်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်–**

**စာတမ်း ဖတ်ကြား**



ပြည်ထောင်စု ကရင်အမျိုးသားများ အဖွဲ့ချုပ်မှ ဦးစောစံရွှေ ပြည်ထောင်စု ကရင်အမျိုးသားများ အဖွဲ့ချုပ်၏ အကြံပြုချက် စာတမ်းကို ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

လေးစားအပ်တဲ့ အမျိုးသားညီလာခံ သဘာပတိကြီးနှင့် သဘာပတိအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌကြီးနဲ့ အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌကြီးနှင့် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌကြီးနဲ့ အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကိုယ်စားလှယ်တော်ကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းချမ်းမြေ့ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

ကျွန်တော်ကတော့ ပြည်ထောင်စုကရင် အမျိုးသားများအဖွဲ့ချုပ် ကိုယ်စားပြု အမျိုးသားညီလာခံကိုယ်စားလှယ် ဦးစောစံရွှေ ဖြစ်ပါတယ်။

**သဘာပတိကြီးနှင့် အမျိုးသားညီလာခံ ကိုယ်စားလှယ်ကြီးများခင်ဗျား–**

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မယ့် အခန်းတစ်ခန်းအဖြစ် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းအခန်းနှင့် စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီး၏ ရှင်းလင်းချက်များကို အကြံပြုတင်ပြသွားမှာ ဖြစ်ပါတယ်။

နိုင်ငံတစ်နိုင်ငံမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြီးနောက် အခြေအနေနဲ့ အချိန်ကာလအလျောက် ပြင်ဆင်ဖို့ လိုအပ်လာလျှင် ပြင်ဆင်ပေးရမှာ ဖြစ်ပါတယ်။ အဲဒီလို ပြင်ဆင်ပေးရခြင်းနှင့် ပတ်သက်ပြီး ကမ္ဘာ့နိုင်ငံတချို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို လေ့လာကြည့်ရာမှာ နည်းလမ်းနှစ်သွယ်ဖြင့် ပြင်ဆင်လေ့ရှိကြတာ တွေ့ရပါတယ်။ ပထမနည်းလမ်းက ဖွဲ့စည်းပုံအခြေခံ ဥပဒေပြဋ္ဌာန်းချက်အချို့ကို လွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ခုနစ်ဆယ့်ငါးရာခိုင်နှုန်းကဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်အားလုံး၏ သုံးပုံနှစ်ပုံကဖြစ်စေ၊ ပြင်ဆင်ရန်သဘောတူလက်ခံပြီးနောက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပပြီး ပြင်ဆင်တာတွေ့ရပါတယ်။ ဒုတိယနည်းလမ်းကတော့ လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဆယ့်ငါးရာခိုင်နှုန်းကဖြစ်စေ၊ သုံးပုံနှစ်ပုံကဖြစ်စေ၊ သဘောတူလက်ခံပြီး ပြင်ဆင်တာတွေ့ရပါတယ်။ ပြည်ထောင်စု မြန်မာနိုင်ငံတော်ရဲ့ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင်လည်းကောင်း၊ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းနှင့် စပ်လျဉ်းပြီး သီးခြားအခန်းများ ပြဋ္ဌာန်းထားတာတွေ့ရပါတယ်။

**သဘာပတိကြီးခင်ဗျား–**

လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီးမှ ရှင်းလင်းတင်ပြသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းအခန်းနှင့်စပ်လျဉ်းပြီး ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ပါရှိသော ပြဋ္ဌာန်းချက်များကို ကိုးကား ဖော်ပြထားတာ တွေ့ရပါတယ်။ အဲဒီလို ဖော်ပြထားရာတွင်လည်း နောင်ပေါ်ပေါက်လာမယ့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်တွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ဟူ၍ လွှတ်တော်နှစ်ရပ်ရှိပြီး ယင်းလွှတ်တော်နှစ်ရပ်ပေါင်းကို ပြည်ထောင်စုလွှတ်တော်လို့ခေါ်ပြီး အဲဒီပြည်ထောင်စုလွှတ်တော်ကသာ ဥပဒေများကို ရေးဆွဲပြဋ္ဌာန်းသွားမှာ ဖြစ်တယ်ဆိုတာ ပါရှိပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ဖို့အကြောင်းပေါ်လာရင် မည်သည့်နည်းလမ်းဖြင့် ပြင်ဆင်ရမယ်ဆိုတာ သတ်မှတ်ထားဖို့လိုပါတယ်။ အဲဒီလို ပြင်ဆင်ဖို့ နည်းလမ်း သတ်မှတ်ရာမှာ ဥပဒေကြမ်းအဖြစ် အဆိုပြုတင်သွင်းစေပြီး ယင်းဥပဒေကြမ်းတွင် အခြားအဆိုပြုချက်များ မပါရှိစေဘဲ ပြင်ဆင်လိုသည့် ပြဋ္ဌာန်းချက်များကို ထည့်သွင်းဖော်ပြဖို့ သတ်မှတ်ထားသင့်ပါတယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်ဖို့လိုရင် ဥပဒေကြမ်းအဖြစ် ပြည်ထောင်စုလွှတ်တော်တွင် တင်သွင်းရမှာ ဖြစ်ကြောင်း၊ အဲဒီလိုပြင်ဆင်ချက် ဥပဒေကြမ်းကို တင်သွင်းတဲ့အခါ ပြည်ထောင်စုလွှတ်တော်တွင် တိုက်ရိုက်တင်သွင်းခွင့် မပြုသင့်ဘဲ ပြဋ္ဌာန်းချက်တစ်ရပ်သတ်မှတ်ပြီး အဲဒီပြဋ္ဌာန်းချက်နဲ့ ကိုက်ညီမှ တင်သွင်းရမယ်လို့ သတ်မှတ်ထားသင့်ပါတယ်။ ပြည်ထောင်စုလွှတ်တော်တွင်သာ တင်သွင်းနိုင်တဲ့သဘောဖြစ်တာကြောင့် ဒီလိုမတင်သွင်းမီ ပြည်ထောင်စုလွှတ်တော်မှာရှိတဲ့လွှတ်တော်ကိုယ်စားလှယ်အားလုံးအနက် စုစုပေါင်းရဲ့ နှစ်ဆယ်ရာခိုင်နှုန်းက တင်ပြမှသာ ပြည်ထောင်စုလွှတ်တော်က လက်ခံဆွေးနွေးဖို့ သတ်မှတ်ထားသင့်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်အခြေခံမူများ၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းတို့ရှိ ပြဋ္ဌာန်းချက်များကို ပြင်ဆင်လိုလျှင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံး၏ "ခုနစ်ဆယ့်ငါးရာခိုင်နှုန်းကျော်"က ပြင်ဆင်ရန် သဘောတူလက်ခံပြီးနောက် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပ၍ မဲပေးပိုင်ခွင့်ရှိသူအားလုံး၏ "ထက်ဝက်ကျော်ဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်"လို့ ဖော်ပြပါရှိပါတယ်။

အမျိုးသားညီလာခံလုပ်ငန်းကော်မတီဥက္ကဋ္ဌကြီး၏ စုစည်းရှင်းလင်းတင်ပြထားသော အချက်(၄)ချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်းနှင့် စပ်လျဉ်း၍ ပြီးပြည့်စုံသည်ဖြစ်၍ အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ကြောင်း အကြံပြုအပ်ပါတယ်။

**သဘာပတိကြီးနဲ့ အမျိုးသားညီလာခံ ကိုယ်စားလှယ်များခင်ဗျား–**

အမျိုးသားညီလာခံက သတ်မှတ်ထားရှိပြီးဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပါရှိမယ့် အခန်းအလိုက် ခေါင်းစဉ်များအနက် "နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း"နှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံလုပ်ငန်းကော်မတီဥက္ကဋ္ဌကြီး၏ ရှင်းလင်းတင်ပြချက်များကို ဆက်လက်ဆွေးနွေးအကြံပြုသွားပါ့မယ်။

လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်တဲ့ နိုင်ငံတိုင်းမှာ နိုင်ငံတော်အလံ၊ နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်၊ နိုင်ငံတော်သီချင်းနဲ့ မြို့တော်များကို သတ်မှတ်ထားလေ့ရှိကြပါတယ်။ အဲဒီလို သတ်မှတ်တဲ့နေရာမှာလဲ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဖော်ပြပြဋ္ဌာန်းကြတဲ့နိုင်ငံများ ရှိကြသလို ဥပဒေပြုလွှတ်တော်များက သီးခြားဥပဒေပြဋ္ဌာန်းပြီး ဆောင်ရွက်ကြတဲ့ နိုင်ငံများလည်း ရှိကြပါတယ်။ နိုင်ငံတော်

**စာမျက်နှာ ၅ ကော်လံ ၁ သို့**

**စာမျက်နှာ ၃ မှ**

ပေးအပ်သည့် အာဏာ၊ တာဝန်နှင့် ရပိုင်ခွင့် စသည်တို့ကို ကျင့်သုံးပိုင်ခွင့်ရှိသည့်အတွက် လိုအပ်သည်များကို ဆက်လက်စီမံဆောင်ရွက်ကြမှာ ဖြစ်ပါကြောင်း၊ ဒါကြောင့် နိုင်ငံတော်ရဲ့ မူဝါဒလမ်းညွှန်မှုများ၊ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများ၊ အမိန့်ပြန်တမ်းများ၊ ကြေညာချက်များ၊ ဆောင်ရွက်ချက်များ၊ တာဝန်များနှင့် ရပိုင်ခွင့်များကို ဆက်ခံရေးနဲ့စပ်လျဉ်းပြီး ချမှတ်ထားတဲ့ အခြေခံမူများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သည့်နေ့၌ တည်ရှိနေသော တရားရုံးအဆင့်ဆင့်တွင် ရှိနေသော မှုခင်းများနဲ့စပ်လျဉ်းပြီး ချမှတ်ထားတဲ့ အခြေခံမူများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် စပ်လျဉ်းပြီး ချမှတ်ထားတဲ့ အခြေခံမူများကို အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ကြောင်း သုံးသပ်ရရှိပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များ အခန်းအတွက် အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်ထားတဲ့ အခြေခံမူ (၈)ချက်ဟာ မြန်မာနိုင်ငံရဲ့ သဘာဝအနေအထား၊ ဖြစ်ပေါ်ခဲ့တဲ့ သမိုင်းကြောင်း၊ လက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေအရပ်ရပ်နဲ့ လိုက်လျောညီထွေမှုရှိပါသဖြင့် အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း ဆွေးနွေးအကြံပြု တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲရာတွင် ပါဝင်မယ့်အခန်းများအနက် "အထွေထွေပြဋ္ဌာန်းချက်များအခန်း" နဲ့စပ်လျဉ်းပြီး ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ နိုင်ငံအချို့ရဲ့ ဖွဲ့စည်းပုံ အခြေခံ ဥပဒေများမှာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ဥပဒေအားလုံးရဲ့ အခြေခံ ဥပဒေဖြစ်ကြောင်း ပြဋ္ဌာန်းထားကြတာကို လေ့လာ တွေ့ရှိရပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ဟာ နိုင်ငံတော်အချုပ်အခြာအာဏာရဲ့ ခက်မသုံးဖြာဖြစ်တဲ့ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနဲ့ တရားစီရင်ရေးအာဏာများကို မည်သို့မည်ပုံ ခွဲဝေကျင့်သုံးမယ်ဆိုတာကို လည်းကောင်း၊ နိုင်ငံတော်က ကျင့်သုံးမယ့် နိုင်ငံရေးစနစ်၊ စီးပွားရေးစနစ် စသည်တို့ကို လည်းကောင်း ဖော်ပြပါရှိတဲ့ နိုင်ငံအတွင်းရှိ အခြားဥပဒေအားလုံးရဲ့ ကျောရိုးမဏ္ဍိုင်ဥပဒေဖြစ်တဲ့အတွက် အခြားဥပဒေ အားလုံးဟာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ လိုက်လျောညီထွေရှိဖို့ လိုအပ်ကြောင်း သုံးသပ်ရရှိပါတယ်။

မြန်မာနိုင်ငံရဲ့ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမှာသာမက ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာပါ မြန်မာစာကို ရုံးသုံးစာအဖြစ် ပြဋ္ဌာန်းခဲ့ကြောင်း တွေ့ရှိရပါတယ်။ လက်တွေ့မှာလည်း မြန်မာစာကို နိုင်ငံတော်အတွင်း နေရာဒေသအနှံ့အပြားမှာ သုံးစွဲလျက်ရှိကြပါတယ်။ နောင်တွင်လည်း ပြည်သူများနဲ့ အစိုးရအဖွဲ့အစည်းများ ဆက်သွယ်ရာမှာလည်းကောင်း၊ အစိုးရအဖွဲ့အစည်းအချင်းချင်း ဆက်သွယ်ရာမှာလည်းကောင်း တညီတညွတ်တည်းဖြစ်စေရန်နဲ့ အယူအဆမကွဲပြားစေဘဲ ရှင်းလင်းလွယ်ကူစေရန် မြန်မာစာကို ရုံးသုံးစာအဖြစ် သတ်မှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

၁၉၄၇ခုနှစ် မြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမှာလည်း ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရဲ့စာမူကို တရားလွှတ်တော်ချုပ်ရဲ့ အတွင်းဝန်ရုံးမှာ မော်ကွန်းတင်ထားရှိဖို့နဲ့ အဲဒီလို မော်ကွန်းတင်ထားရှိတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပါရှိသည့် ပြဋ္ဌာန်းချက်များအတွက် အပြီးသတ်သက်သေအရာမှာ တည်စေရမယ်လို့ ဖော်ပြပါရှိတာကို လေ့လာတွေ့ရှိရပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်အခြေခံမူများ သတ်မှတ်ရေးအတွက် ချမှတ်ထားတဲ့ စီးပွားရေးနဲ့ စပ်လျဉ်းပြီး "နိုင်ငံတော်သည် အမျိုးသားစီးပွားရေး တိုးတက်ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ သမဝါယမအဖွဲ့အစည်းများ၊ ဖက်စပ်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကစသည့် စီးပွားရေးအင်အားစု အားလုံးကို စီးပွားရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့်ပြုသည်"လို့ အခြေခံရမယ့်မူတစ်ရပ် ချမှတ်ထားခဲ့ပြီးပါတယ်။

အခုဆိုရင် နိုင်ငံတော်အစိုးရနဲ့ အကျိုးတူဖက်စပ်ဖြစ်စေ၊ နိုင်ငံတော်က သတ်မှတ်ပေးတဲ့ စည်းကမ်းများနဲ့အညီဖြစ်စေ ပြည်တွင်းပြည်ပမှ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်များနဲ့ လုပ်ကိုင်ဆောင်ရွက်နေကြတဲ့ စီးပွားရေးလုပ်ငန်းအများအပြားရှိနေပြီ ဖြစ်ပါတယ်။ နောင်ဖွဲ့စည်းပုံအခြေခံဥပဒေအသစ် အတည်ပြုပြဋ္ဌာန်းပြီးတဲ့အခါမှာလည်း ပေါ်ပေါက်လာမယ့် ပြည်ထောင်စုအစိုးရက ဆောင်ရွက်ရမယ့် စီးပွားရေးလုပ်ငန်းကိစ္စများရှိမှာ ဖြစ်သလို တိုင်းဒေသကြီး အစိုးရ သို့မဟုတ် ပြည်နယ်အစိုးရကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့အညီ ခွဲဝေဆောင်ရွက်စေသင့်တဲ့ စီးပွားရေးလုပ်ငန်းများလည်း ရှိလာမှာ ဖြစ်ပါတယ်။ စီးပွားရေးလုပ်ငန်း တစ်ရပ်ရပ်ကို လုပ်ကိုင်ဆောင်ရွက်ခွင့် ပေးအပ်ဖို့ အခြေအနေမျိုး ပေါ်ပေါက်လာခဲ့ရင် နိုင်ငံတော်ရဲ့ အကျိုးစီးပွားအလို့ငှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ အဖွဲ့ကဖြစ်စေ၊ သမဝါယမ၊ စီးပွားရေး၊ ပုဂ္ဂိုလ်တစ်ဦးဦးတို့ကဖြစ်စေ အစိုးရနဲ့ဖက်စပ်လုပ်ကိုင် ဆောင်ရွက်နိုင်ရန် လိုအပ်တဲ့ အခြေခံမူတစ်ရပ် ချမှတ်ပေးသင့်ကြောင်း သုံးသပ်ရရှိပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရနဲ့ အခြားနိုင်ငံအစိုးရတို့ ချုပ်ဆိုအတည်ဖြစ်ခဲ့တဲ့ စာချုပ်များအရသော်လည်းကောင်း၊ သဘောတူညီချက်များအရသော်လည်းကောင်း ပေါ်ထွက်လာသော တရားမျှတသည့် တာဝန်များကို အဆိုပါ အခြားနိုင်ငံကလည်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကို လေးစားရပါတယ်။ မိမိတို့နိုင်ငံရဲ့ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနဲ့ အခြားနိုင်ငံအချို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတွေမှာ အလားတူ ပြဋ္ဌာန်းချက်များ ပါရှိတာကို လေ့လာတွေ့ရှိရပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပြဋ္ဌာန်းပြီးနောက် ဖြစ်ပေါ်လာမယ့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအနေနဲ့လည်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ရဲ့ အမည်နဲ့ တရားစွဲဆိုနိုင်တဲ့ အခွင့်အရေး ရရှိစေသင့်ပြီး တရားစွဲဆိုခြင်းကိုလည်း ခံနိုင်ရမှာ ဖြစ်ပါတယ်။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်များနှင့် ပြည်နယ်လွှတ်တော်များက ပြဋ္ဌာန်းသည့်ဥပဒေများသည်လည်းကောင်း၊ ပြည်ထောင်စု၊ တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ၏ အုပ်ချုပ်မှုဆိုင်ရာ အာဏာပိုင်များ၏ ဆောင်ရွက်ချက်များသည် လည်းကောင်း၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိမရှိစိစစ်ခြင်း၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီးအကြား၊ ပြည်ထောင်စုနှင့် ပြည်နယ်အကြား၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အကြား၊ တိုင်းဒေသကြီးအချင်းချင်း၊ ပြည်နယ်အချင်းချင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုအကြား၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုအချင်းချင်း ဖြစ်ပေါ်သည့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများကို ကြားနာဆုံးဖြတ်ခြင်းနှင့် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေက အပ်နှင်းသည့် အခြားတာဝန်များ ဆောင်ရွက်ခြင်းတို့ ပြုနိုင်ရန် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ ခုံရုံးတစ်ရုံးကို ဖွဲ့စည်းရမှာ ဖြစ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးရဲ့ လုပ်ငန်းတာဝန်များအဖြစ် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်ရာမှာ ဆီလျော်သလို ပြောင်းရွှေ့ဖော်ပြပေးသင့်တဲ့အပြင် ပြည်ထောင်စုနယ်မြေများနဲ့စပ်လျဉ်းတဲ့ အကြောင်းကိစ္စရပ်များ ပေါ်ပေါက်လာလို့ နိုင်ငံတော်သမ္မတက အကြောင်းကြားလာရင် စိစစ်ဆုံးဖြတ်ပေးနိုင်ဖို့လဲ ထည့်သွင်းသတ်မှတ်ပေးသင့်ပါကြောင်း သုံးသပ်ရရှိပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဖွဲ့စည်းခြင်း၊ အခြားအဖွဲ့အစည်းများနှင့် ဆက်သွယ်မှုများ၊ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များရဲ့တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များအတွက် လိုအပ်တဲ့ဥပဒေကို ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းပေးရမှာ ဖြစ်ပါတယ်။ အဲဒီလို ဥပဒေပြဋ္ဌာန်းတဲ့အခါ မှီငြမ်းပြုနိုင်ဖို့ ခုံရုံးဥက္ကဋ္ဌကို ဒုတိယသမ္မတအဆင့် သတ်မှတ်ပြီး ခုံရုံးအဖွဲ့ဝင်များကို ပြည်ထောင်စုဝန်ကြီးအဆင့် သတ်မှတ်သင့်ကြောင်း သဘောရရှိပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အထွေထွေပြဋ္ဌာန်းချက်များ အခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမယ့်မူများနှင့်ပတ်သက်ပြီး ၂၀၀၆ ခုနှစ် နိုဝင်ဘာလ ၁၃ ရက်နေ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက မိမိတို့နိုင်ငံရဲ့ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရသော်လည်းကောင်း၊ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေအရသော် လည်းကောင်း၊ အခြားအချို့နိုင်ငံတို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေများအရသော်လည်းကောင်း၊ အနာဂတ်နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းစေရေး၊ နိုင်ငံရဲ့ ရေမြေသဘာဝ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်း၊ ဖြစ်ပေါ်ခဲ့တဲ့ သမိုင်းကြောင်း၊ ဖြစ်ပေါ်နေတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစတဲ့ အခြေအနေ အရပ်ရပ်နဲ့ လိုက်လျောညီထွေမှုရှိသည့်အတွက် စုစည်းတင်ပြချက်(၂၆)ချက်ကို အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးနှင့် အမျိုးသားညီလာခံ ကိုယ်စားလှယ်တော်များခင်ဗျား–**

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်သည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ အခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များ အခန်းတို့တွက် အသေးစိတ် အခြေခံရမယ့်မူများနှင့် စပ်လျဉ်းပြီး ကျွန်တော်တို့ လားဟူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ ဆွေးနွေးအကြံပြုချက် စာတမ်းကို တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

# နိုင်ငံတော်အခြေခံမှုများသည် ဥပဒေပြုလွှတ်တော်များက ဥပဒေပြဋ္ဌာန်းရာတွင်လည်းကောင်း ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကို သက်ဆိုင်ရာက အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင်လည်းကောင်း လိုက်နာရမည့်လမ်းညွှန်များဖြစ်သည်

စာမျက်နှာ ၄ မှ

အလံကို ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဖော်ပြပြဋ္ဌာန်းတဲ့အခါ မည်သို့ မည်ပုံ သတ်မှတ်ရန်ကိစ္စကိုသာ အဓိကထားပြီး ပြဋ္ဌာန်းလေ့ရှိကြပါတယ်။ နိုင်ငံတော်အလံနဲ့ စပ်လျဉ်းပြီး အသုံးပြုကြရာမှာ လိုက်နာရမယ့်အချက်တွေ၊ ရှောင်ကြဉ်ရမယ့်အချက်တွေနဲ့ အဲဒီလို ရှောင်ရမယ့်အချက်၊ လိုက်နာရမယ့်အချက် စတာတွေကို ဖောက်ဖျက်ကျူးလွန်ရင် ချမှတ်ခံရမယ့် ပြစ်ဒဏ်အနည်းအများကိုတော့ ဥပဒေပြုလွှတ်တော်များက သီးခြားဥပဒေပြဋ္ဌာန်းထားလေ့ရှိတာကို လေ့လာတွေ့ရှိရပါတယ်။ နိုင်ငံတော်အလံကို သတ်မှတ်ရာမှာလဲ သက်ဆိုင်ရာ နိုင်ငံများအနေနဲ့ မိမိတို့ရဲ့နိုင်ငံမှာ ဖြစ်ပေါ်ခဲ့တဲ့ သမိုင်းကြောင်းကို အဓိက အခြေခံထားရှိပြီး သတ်မှတ်ပေးလေ့ရှိကြပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အမျိုးသားညီလာခံ လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီး၏ နိုင်ငံတော်အလံ၊ နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်၊ နိုင်ငံတော်သီချင်း၊ နိုင်ငံတော်၏ မြို့တော်နှင့် ပတ်သက်ပြီး ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကိုလည်းကောင်း၊ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေကိုလည်းကောင်း မှီငြမ်းလျက် ကိုးကား ရှင်းလင်း တင်ပြသွားပါတယ်။ နိုင်ငံတော်အလံနှင့် ပတ်သက်ပြီး ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်အနေနဲ့ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကိုလည်းကောင်း၊ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေကိုလည်းကောင်း၊ အခြေပြုလျက် ဆွေးနွေးပါ့မယ်။ ၁၉၄၈ခုနှစ် လွတ်လပ်ရေးမရယူမီ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ရေးဆွဲရာတွင် နိုင်ငံခေါင်းဆောင်များက နိုင်ငံတော်အလံကို အနီရောင်၊ အပြာရောင်၊ အဖြူရောင်များပါဝင်တဲ့ နိုင်ငံတော်အလံအဖြစ် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၂၁၅ မှာ အသေးစိတ် အချက်အလက်များဖြင့် ဖော်ပြထားရှိခဲ့ပါတယ်။

အမျိုးသားညီလာခံ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြထားသော နိုင်ငံတော်အလံသည် နောင်ပေါ်ပေါက်လာမည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွက် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးအတွက် သင့်လျော်သော နိုင်ငံတော်အလံဖြစ်၍ ထပ်မံအကြံပြုဖြည့်စွက်ရန် မရှိတော့ပါသဖြင့် အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်အထိမ်းအမှတ် တံဆိပ်နှင့်စပ်လျဉ်းပြီး သတ်မှတ်ကြပုံကို လေ့လာတဲ့အခါမှာ အချို့နိုင်ငံများက ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အသေးစိတ်ဖော်ပြပြီး ပြဋ္ဌာန်းကြတာ တွေ့ရပါတယ်။ နိုင်ငံတချို့ကတော့ ဖွဲ့စည်းပုံအခြေခံ ဥပဒေမှာ အသေးစိတ်ပြဋ္ဌာန်းခြင်းမပြုဘဲ ဥပဒေပြုလွှတ်တော်က ဥပဒေဖြင့် သတ်မှတ်ရမယ်လို့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းတာကို တွေ့ရပါတယ်။ ဥပဒေပြုလွှတ်တော်က နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်နဲ့ဆိုင်တဲ့ ဥပဒေကို ပြဋ္ဌာန်းတဲ့အခါမှာ သက်ဆိုင်ရာ နိုင်ငံရဲ့သမိုင်းကြောင်း၊ နိုင်ငံရဲ့ယဉ်ကျေးမှု၊ နိုင်ငံနဲ့ လူမျိုးရဲ့ ထုံးတမ်းအစဉ်အလာများကို ထင်ပေါ်တဲ့ အထိမ်းအမှတ်တံဆိပ် ဖြစ်စေရမယ် စသည်ဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေမှာလည်း သတ်မှတ်ချက်များ ထည့်သွင်း ပြဋ္ဌာန်းကြတာကိုတွေ့ရပါတယ်။ နိုင်ငံတချို့ကတော့ ဥပဒေပြုလွှတ်တော်က နိုင်ငံတော်အထိမ်းအမှတ် တံဆိပ်ပြဋ္ဌာန်းပြီးနောက် ပြည်သူ့ဆန္ဒခံယူပြီး အတည်ပြုရမယ်လို့ သတ်မှတ်တာကိုလည်း တွေ့ရပါတယ်။

အမျိုးသားညီလာခံက နိုင်ငံတော်နဲ့စပ်လျဉ်းတဲ့ အခြေခံရမယ့်မူများ ချမှတ်ရာမှာ နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံ ဆင်းသက်ပြီး နိုင်ငံတစ်ဝန်းလုံးမှာ တည်သည်ဆိုတဲ့ အခြေခံရမယ့်မူများပါရှိပါတယ်။ ဒါကြောင့် နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်မှာ–

အမျိုးသားညီလာခံလုပ်ငန်းကော်မတီဥက္ကဋ္ဌမှ ရှင်းလင်းတင်ပြပြီး ဖော်ပြတဲ့ နိုင်ငံတော်အထိမ်းအမှတ် တံဆိပ်သည် အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်ရန် သင့်လျော်ပါကြောင်း အကြံပြုအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်သီချင်း သတ်မှတ်ရေးအတွက် ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူနဲ့ စပ်လျဉ်းပြီး တင်ပြဆွေးနွေးသွားပါ့မယ်။

ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိနိုင်ငံတော်သီချင်းကို အသုံးပြုခဲ့တာ ရာစုနှစ်တစ်ဝက်ကျော်ပြီဖြစ်ပါတယ်။ အမျိုးသားညီလာခံက နိုင်ငံတော်ရဲ့ဦးတည်ချက်နဲ့စပ်လျဉ်းပြီး ချမှတ်ခဲ့တဲ့ အခြေခံရမယ့်မူများမှာ နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေးဆိုတဲ့ အခြေခံရမယ့်မူတစ်ရပ်ပါရှိပါတယ်။ လက်ရှိနိုင်ငံတော်သီချင်းမှာလည်း တရားမျှတခြင်း၊ လွတ်လပ်ခြင်းနဲ့ ညီမျှခြင်းဆိုတဲ့ ဖြူစင်သော ဝါဒကို ဖော်ပြပါရှိပါတယ်။ နိုင်ငံတော်၏ ဦးတည်ချက်များတွင် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ ပါရှိပါတယ်။ လက်ရှိနိုင်ငံတော်သီချင်းမှာ မိမိတို့ရဲ့ဘိုးဘွား အမွေအနှစ်ဖြစ်တဲ့ ပြည်ထောင်စု အမြဲတည်တံ့စေဖို့၊ ထိန်းသိမ်းရေး၊ ပြည်ထောင်စုကို အသက်ပေးကာကွယ်ရေး၊ ပြည်ထောင်စုအကျိုးကို ညီညွတ်စွာ ထမ်းဆောင်ရေးတို့သည် မိမိတို့တာဝန်ဖြစ်ကြောင်း ဖော်ညွှန်းချက်များ ပါရှိပါတယ်။

အဲဒီလို နှစ်ပေါင်းကြာရှည်စွာ အသုံးပြုခဲ့တဲ့အပြင် သီချင်းစာသားများမှာလည်း အမျိုးသားညီလာခံက ချမှတ်ထားခဲ့တဲ့ အခြေခံမူများနဲ့ ညီညွတ်တဲ့ အတွက်ကြောင့် နိုင်ငံတော်သီချင်းအဖြစ် လက်ရှိနိုင်ငံတော်သီချင်းကို သတ်မှတ်သည်လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ကြောင်း အကြံပြုအပ်ပါသည်။

**သဘာပတိကြီးခင်ဗျား–**

ပြည်ထောင်စု မြန်မာနိုင်ငံရဲ့ မြို့တော်သတ်မှတ်ရေးအတွက် အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ရေးနှင့်စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တင်ပြသော "နေပြည်တော်"အား နောင်ပေါ်ပေါက် လာမည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မြို့တော်အဖြစ် "နေပြည်တော်သည် နိုင်ငံတော်၏ မြို့တော်ဖြစ်သည်"လို့ အသေးစိတ် အခြေခံရမယ့်မူ ချမှတ်သင့်ကြောင်း တင်ပြအပ်ပါသည်။

**သဘာပတိကြီးနှင့်အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–**

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ အခန်းတစ်ခန်းအဖြစ် ပါဝင်မယ့် ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနှင့်စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီး၏ ရှင်းလင်းတင်ပြချက်များကို အကြံပြုတင်ပြသွားပါ့မယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပြဋ္ဌာန်းတဲ့အခါ အဲဒီလိုမပြဋ္ဌာန်းမီကာလက တိုင်းပြည်ရဲ့ အခြေအနေနဲ့ ပြဋ္ဌာန်းပြီးနောက် တည်ရှိလာတဲ့ အခြေအနေတွေဟာ တစ်ခုနှင့်တစ်ခု တူညီကြမှာ မဟုတ်ပါ။ အသွင်တစ်မျိုးမှ အခြားအသွင်တစ်မျိုးသို့ ပြောင်းရတာဖြစ်ပါတယ်။ ဒီလိုကူးပြောင်းတဲ့အခါ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး အဓိကမဏ္ဍိုင်များနဲ့ စီးပွားရေး၊ လူမှုရေး၊ အဆောက်အအုံတို့လည်း ပြောင်းလဲသွားမှာ ဖြစ်ပါတယ်။ ကူးပြောင်းရေးကာလမှာ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာများဟာ စဉ်ဆက်မပြတ်တည်ရှိနေဖို့၊ ထပ်မံဆောင်ရွက်ရမယ့် ပဋိညာဉ်၊ တာဝန်ဝတ္တရားများဟာလည်း စဉ်ဆက်မပြတ်တည်ရှိနေဖို့ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအဖြစ် ဖွဲ့စည်းပုံ အခြေခံဥပဒေမှာထည့်သွင်း ပြဋ္ဌာန်းရန်လိုမှာ ဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံအသီးသီးရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေများကို လေ့လာကြည့်တဲ့အခါ နိုင်ငံအသီးသီးရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များ ထည့်သွင်း ပြဋ္ဌာန်းထားတာ တွေ့ရသလို မြန်မာနိုင်ငံရဲ့ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမှာလည်း အသွင်ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များကို ပြဋ္ဌာန်းထားတာ တွေ့ရပါတယ်။ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေမှာတော့ ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်းပြီး သီးခြားခေါင်းစဉ်ဖြင့် ပြဋ္ဌာန်းထားတာမရှိပေမယ့် အခန်း(၁၆) အထွေထွေပြဋ္ဌာန်းချက်များ အခန်းမှာ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များကို ထည့်သွင်းပြဋ္ဌာန်းထားတာ တွေ့ရပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ရေးဆွဲပြီးနောက် အဲဒီဥပဒေမှာ အာဏာတည်ရမယ့် နေ့ရက်ကို ဖော်ပြထားရှိမှသာ ဖော်ပြပါ နေ့ရက်တွင် အာဏာတည်မှာ ဖြစ်ပါတယ်။

ယခုအခါ နိုင်ငံတော်တည်ဆောက်ရေးအတွက် ရှေ့သွားရမယ့် လုပ်ငန်းစဉ် (၇)ရပ်ချမှတ်ပြီး အကောင်အထည်ဖော်လျက်ရှိပါတယ်။

ဖော်ပြပါလုပ်ငန်းစဉ် (၇)ရပ်အနက် စတုတ္ထအဆင့်တွင် အမျိုးသားညီလာခံက ချမှတ်ပေးတဲ့ အခြေခံရမယ့်မူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများနှင့်အညီ ရေးဆွဲထားတဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပ၍ အတည်ပြုပြဋ္ဌာန်းရန်ပါရှိပါတယ်။ ထိုချမှတ်ထားသော လုပ်ငန်းစဉ် နှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပပြီး အတည်ပြုပြဋ္ဌာန်းမှာ ဖြစ်ပါတယ်။

ဖွဲ့စည်းပုံ အခြေခံဥပဒေ အာဏာတည်ခြင်းနှင့်စပ်လျဉ်းပြီး–

ဤဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် မဲပေးပိုင်ခွင့်ရှိသူအားလုံး၏ ထက်ဝက်ကျော်ဆန္ဒမဲဖြင့် အတည်ပြုပြဋ္ဌာန်းပြီးသည့်နေ့မှစ၍ နိုင်ငံတော်တစ်ဝန်းလုံး၌ အာဏာတည်သည်လို့ ဖော်ပြထားချက်သည် အသေးစိတ် အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ကြောင်း အကြံပြုအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်ပြီးနောက် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက်လာမယ့် ပြည်ထောင်စုလွှတ်တော်သို့ နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီက နိုင်ငံတော်အာဏာ လွှဲပြောင်းပေးရမှာ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော်များဟာ ချက်ချင်း ပေါ်ပေါက်လာနိုင်မှာ မဟုတ်ဘဲ လွှတ်တော်ကိုယ်စားလှယ်များကို ရွေးချယ်တင်မြှောက်ပြီးမှသာ ပေါ်ပေါက်လာမှာ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြီးသည့် အချိန်နှင့် လွှတ်တော်များပေါ်ပေါက်သည့် အချိန်ကြားကာလမှာ နိုင်ငံတော် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုတဲ့ အချုပ်အခြာအာဏာတို့ကို နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီက ဆက်လက်ဆက်ခံကျင့်သုံးပြီး လွှဲပြောင်းပေးမှသာလျှင် နိုင်ငံတော်ရဲ့အာဏာကြီး(၃)ရပ် စဉ်ဆက်မပြတ် လည်ပတ်နိုင်မှာဖြစ်ပါတယ်။

၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပုဒ်မ ၂၃၁ တွင်လည်းကောင်း၊ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၁၉၆ တွင်လည်းကောင်း၊ အစိုးရသစ်များ မပေါ်ပေါက်မီ တာဝန်ယူထားရသော အစိုးရများက နိုင်ငံတော်အာဏာ(၃)ရပ်ကို ဆက်လက်ကျင့်သုံးပြီးမှသာလျှင် လွှဲပြောင်းပေးအပ်တာ တွေ့ရပါတယ်။

ဒါကြောင့်–

ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်ပြီးသည့်နေ့မှစပြီး ပြည်ထောင်စုလွှတ်တော်၏ ပထမအကြိမ် အစည်းအဝေး မကျင်းပမီကာလအတွင်း နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ဆက်လက်ခံယူ ကျင့်သုံးနိုင်ရေးနှင့် စပ်လျဉ်းပြီး ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သည့်နေ့မှစ၍ ပြည်ထောင်စုလွှတ်တော်၏ ပထမအကြိမ် အစည်းအဝေးမကျင်းပမီကာလအတွင်း ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ ပြည်ထောင်စုလွှတ်တော်က ဆောင်ရွက်ရန်ရှိသည်များကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ဆက်လက်ခံယူကျင့်သုံး၍ ဆောင်ရွက်ရမယ်လို့ ဖော်ပြချက်သည် အသေးစိတ် အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ကြောင်း အကြံပြုအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ပြည်ထောင်စုလွှတ်တော်မပေါ်ပေါက်မီ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလိုအပ်သော ဥပဒေပြုလုပ်ငန်းများလုပ်ဆောင်ဖို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအား ဆောင်ရွက်ပိုင်ခွင့်ပေးထားရန် လိုအပ်ပါတယ်။ နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီက ကြိုတင်ဆောင်ရွက်တဲ့ လုပ်ငန်းတွေဟာ ဥပဒေဘောင်အတွင်း ကျရောက်ရန် ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ဆောင်ရွက်တယ်လို့ မှတ်ယူရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းပေးရန် လိုပါတယ်။

၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၆မှာ ဖွဲ့စည်းပုံ အခြေခံဥပဒေ အာဏာတည်သည့်နေ့ မတိုင်မီကာလအတွင်း ဤဖွဲ့စည်းပုံအခြေခံဥပဒေကို အကောင်အထည်ဖော်ရန်အတွက် တော်လှန်ရေးကောင်စီက ကြိုတင်ဆောင်ရွက်သည့် လုပ်ငန်းများသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဆောင်ရွက်သည်ဟု မှတ်ယူရမည်လို့ ဖော်ပြထားတာတွေ့ရှိရပါတယ်။

ဒါကြောင့် ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သည့်နေ့ မတိုင်မီကာလတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို အကောင်အထည်ဖော်ရန်အတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြိုတင်ဆောင်ရွက်သည့် လုပ်ငန်းများသည် ဤဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ဆောင်ရွက်သည်ဟု မှတ်ယူရမည်လို့ ဖော်ပြချက်သည် အသေးစိတ် အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ကြောင်း အကြံပြုအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်၏ ဦးတည်ချက်များ အထမြောက်စေရန် ဘက်စုံစီမံဆောင်ရွက်ရာမှာ မူဝါဒလမ်းညွှန်မှုများ၊ ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေ၊ အမိန့်၊ ကြေညာချက်များ ထုတ်ပြန်ခြင်း စသည့် ဆောင်ရွက်ချက်များကို ပြုလုပ်ခဲ့ပါတယ်။ အဲဒီလို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဆောင်ရွက်ချက်များ၊ တာဝန်များနှင့် ရပိုင်ခွင့်များကို ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ပေါ်ပေါက်လာသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်က ဆက်ခံကြောင်း မူတစ်ရပ်ချမှတ်သင့်ပါတယ်။ ပြည်ထောင်စုလွှတ်တော်သည်လည်းကောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည်လည်းကောင်း ဖွဲ့စည်းပုံအခြေခံ ဥပဒေက ပေးအပ်ထားသည့် အာဏာ၊ တာဝန်နှင့် ရပိုင်ခွင့် စသည်တို့ကို ကျင့်သုံးပိုင်ခွင့်ရှိသည့်အတွက် လိုအပ်သည်များကို ဆက်လက်စီမံဆောင်ရွက်ကြမှာ ဖြစ်တယ်။

၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၉ မှာ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်သည် ပြည်ထောင်စုတော်လှန်ရေးကောင်စီ၏ မူဝါဒလမ်းညွှန်မှုများ၊ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေများ၊ အမိန့်ပြန်တမ်းများ၊ ကြေညာချက်များ၊ ဆောင်ရွက်ချက်များ၊ တာဝန်များကို ဆက်ခံတယ်လို့ ဖော်ပြထားပါတယ်။

ဒါကြောင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ မူဝါဒလမ်းညွှန်မှုများ၊ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများ၊ အမိန့်ပြန်တမ်းများ၊ ကြေညာချက်များ၊ ဆောင်ရွက်ချက်များ၊ တာဝန်များနှင့် ရပိုင်ခွင့်များကို ဆက်ခံသည်လို့ ဖော်ပြထားချက်ကို အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ကြောင်း အကြံပြုအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းခြင်းမပြုမီ နိုင်ငံတစ်နိုင်ငံမှာ အစဉ်အဆက်က လက်ခံကျင့်သုံးလာတဲ့ တည်ဆဲဥပဒေများကို ဆက်လက်အတည်ပြုကြပါတယ်။ အဲဒီဥပဒေများဟာ ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုပြီးနောက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်ခြင်းမရှိပါက နိုင်ငံတော်အနေနဲ့ ဆက်လက်ကျင့်သုံးသွားရမှာဖြစ်သလို ဆက်လက်ကျင့်သုံးတဲ့ဥပဒေဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ လိုက်လျောညီထွေခြင်းမရှိပါက ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းပြုသွားရမှာဖြစ်တဲ့အတွက် အခါအားလျော်စွာ ပြည်ထောင်စုလွှတ်တော်က ပြုလုပ်သွားရမှာ ဖြစ်ပါတယ်။

၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၂၂၆၊ အပိုဒ်(၁)နှင့်(၂) တွင်လည်းကောင်း၊ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၂ (ခ)တွင်လည်းကောင်း ကိုးကားဖော်ပြထားတာ တွေ့ရပါတယ်။ ဒါကြောင့် တည်ဆဲဥပဒေများနှင့် စပ်လျဉ်းပြီး တည်ဆဲဥပဒေများသည် ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း မပြုသေးမီ ဤဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်လို့ ရှင်းလင်းတင်ပြချက်သည် အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ကြောင်း အကြံပြုအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြု ပြဋ္ဌာန်းခြင်းမပြုမီ နိုင်ငံတော်တွင် အစဉ်အဆက်က လက်ခံကျင့်သုံးလာသော နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများ၊ စည်းကမ်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများလည်း ရှိခဲ့ပါတယ်။ အထက်ပါ ဖော်ပြချက်များသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေအတည်ပြုပြီးနောက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်ခြင်းမရှိလျှင် ဆက်လက်တည်ရှိမှာဖြစ်ပြီး ဆန့်ကျင်ပါက ပယ်ဖျက်ပြင်ဆင်ရန်လိုမှာ ဖြစ်ပါတယ်။

၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၂(ဂ)(ဃ)(င)(စ)တွင်လည်းကောင်း ဖော်ပြထားတာ တွေ့ရပါတယ်။ လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီးမှ ရှင်းလင်းတင်ပြထားရာတွင် တည်ဆဲဥပဒေများ၊ စည်းမျဉ်းဥပဒေများ၊ စည်းကမ်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ပြည်ထောင်စုအစိုးရအဖွဲ့က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း

စာမျက်နှာ ၆ ကော်လံ ၁ သို့

စာမျက်နှာ ၅ မှ

မပြုသေးမီ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်လို့ ဖော်ပြချက်များသည် အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ကြောင်း အကြံပြုအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ကူးပြောင်းရေးကာလတွင် တရားစီရင်ခြင်းလုပ်ငန်းများ ရပ်တန့်မသွားစေဘဲ စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သည့်နေ့၌ တည်ရှိနေသော တရားရုံးအားလုံးသည် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ တရားဥပဒေဖြင့် တရားရုံးသစ်များကို မတည်ထောင်သမျှ တရားစီရင်ပိုင်ခွင့် အာဏာများကို ဆက်လက်၍ သုံးစွဲဆောင်ရွက်စေသင့်ပါတယ်။

တရားရုံးအဆင့်ဆင့်တွင် ရှိနေသော မှုခင်းများနှင့် စပ်လျဉ်း၍ ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သည့်နေ့၌ တည်ရှိနေသော တရားရုံးများသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ တည်ထောင်သည့် တရားရုံးများ မပေါ်ပေါက်မီ တရားစီရင်ပိုင်ခွင့် အာဏာများ ဆက်လက်၍ သုံးစွဲဆောင်ရွက်ရမည်။ အဆိုပါ တရားရုံးများတွင် မပြီးမပြတ် ကျန်ရှိနေသေးသော တရားမမှုများ၊ ပြစ်မှုဆိုင်ရာ အမှုများနှင့် အခွန်တော်အမှုများကို အမှုစတင်စစ်ဆေးစဉ်က ကျင့်သုံးသည့် ဥပဒေများနှင့်အညီ ဆက်လက်စစ်ဆေးစီရင်ရမည်လို့ ရှင်းလင်းတင်ပြချက်များသည် အသေးစိတ် အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်တွင် ဖွဲ့စည်းထားသော အာဏာပိုင်အဖွဲ့အစည်းများ (သို့မဟုတ်) အစိုးရဝန်ထမ်းများသည် မိမိတို့နှင့် သက်ဆိုင်ရာ လုပ်ငန်းများကို အရှိန်မပျက် ဆက်လက်ဆောင်ရွက်ရန် လိုအပ်ပါတယ်။ ဒါ့ပြင် ဝန်ထမ်းများ၏ လုပ်ခွင်တည်မြဲမှုရှိရန်လည်း လိုအပ်ပါတယ်။

၁၉၇၄ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၂၀၂(ဆ) (ဇ)တွင် ဖော်ပြချက်များကို လေ့လာတွေ့ရှိရပါတယ်။

ဒါကြောင့် နိုင်ငံ့ဝန်ထမ်းများနှင့် စပ်လျဉ်းပြီး "ဤဖွဲ့စည်းပုံအခြေခံဥပဒေအာဏာတည်သည့်နေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်အောက်၌ ဖွဲ့စည်းထားရှိသည့် တပ်မတော်အပါအဝင် ဌာနဆိုင်ရာ အဖွဲ့အစည်းများ၌ အမှုထမ်းရွက်ဆဲဖြစ်သော နိုင်ငံ့ဝန်ထမ်းများသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက အခြားနည်းလမ်းဖြင့် ပြဋ္ဌာန်းခြင်း မပြုသမျှ ဆက်လက်တည်ရှိစေရမည်" ဆိုသော အပိုဒ်သည် အသေးစိတ် အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ကြောင်း အကြံပြုအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီးမှ လေ့လာတွေ့ရှိချက်များနဲ့ သုံးသပ်ချက်များအပေါ် အခြေပြုပြီး ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များဟာ ပြီးပြည့်စုံသည်ဖြစ်၍ ထပ်မံအကြံပြုဆွေးနွေးရန် မရှိတော့ပါ။

သို့ပါ၍ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းအတွက် စုစည်းတင်ပြထားတဲ့ အသေးစိတ်အခြေခံသင့်သည့်မူ(၈)ချက်ကို အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်ခင်ဗျား။

**သဘာပတိကြီးနဲ့ အမျိုးသားညီလာခံ ကိုယ်စားလှယ်တော်ကြီးများခင်ဗျား–**

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် အထွေထွေပြဋ္ဌာန်းချက်များအခန်းနဲ့ စပ်လျဉ်းပြီး တင်ပြဆွေးနွေးသွားမှာဖြစ်ပါတယ်။

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ရပ်ဟာ သက်ဆိုင်ရာနိုင်ငံအနေနဲ့ ဖြတ်သန်းလာခဲ့ရတဲ့ သမိုင်းကြောင်းကို ရောင်ပြန်ဟပ်လျက်ရှိပြီး နိုင်ငံတော်ဖွဲ့စည်းတည်ရှိမှုကို သရုပ်ဖော်တဲ့ ပင်မဥပဒေဖြစ်ပါတယ်။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ရပ်ဟာ နိုင်ငံတော် အချုပ်အခြာအာဏာရဲ့ ခက်မသုံးဖြာဖြစ်တဲ့ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနဲ့ တရားစီရင်ရေးအာဏာများကို

# ဤဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတော်အတွင်းရှိ ဥပဒေအားလုံး၏ အခြေခံဥပဒေဖြစ်သည်

မည်သို့မည်ပုံ ခွဲဝေကျင့်သုံးမယ်ဆိုတာကို လည်းကောင်း၊ နိုင်ငံတော်က ကျင့်သုံးမယ့် နိုင်ငံရေးစနစ်၊ စီးပွားရေးစနစ် စသည်တို့သည်လည်းကောင်း၊ ဖော်ပြပါရှိတဲ့ နိုင်ငံအတွင်းရှိ အခြားဥပဒေအားလုံးရဲ့ ကျောရိုးမဏ္ဍိုင် ဥပဒေဖြစ်တဲ့အတွက် အခြားဥပဒေအားလုံးဟာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့ လိုက်လျောညီထွေရှိဖို့လိုအပ်ပါတယ်။ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ နိုင်ငံအချို့ရဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေများမှာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ဥပဒေအားလုံးရဲ့ အခြေခံဥပဒေဖြစ်ကြောင်း ပြဋ္ဌာန်းထားကြတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီး ရှင်းလင်းတင်ပြထားသည့် အထွေထွေပြဋ္ဌာန်းချက်များ အခန်းနှင့် ပတ်သက်၍ လေ့လာခြုံငုံသုံးသပ်တဲ့အခါ အောက်ပါအချက်အလက်များသည် အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်ရန် လျော်ကန်သင့်မြတ်ကြောင်း တွေ့ရပါတယ်–

**၁။ ဤဖွဲ့စည်းပုံ အခြေခံဥပဒေသည် နိုင်ငံတော်အတွင်းရှိ ဥပဒေအားလုံး၏ အခြေခံဥပဒေ ဖြစ်သည်။**

**၂။ မြန်မာစာသည် ရုံးသုံးစာ ဖြစ်သည်။**

**၃။ နိုင်ငံတော် အခြေခံမူများသည် ဥပဒေပြုလွှတ်တော်များက ဥပဒေပြဋ္ဌာန်းရာတွင်လည်းကောင်း၊ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကို သက်ဆိုင်ရာက အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် လည်းကောင်း လိုက်နာရမည့်လမ်းညွှန်များ ဖြစ်သည်။**

**၄။ ဤဖွဲ့စည်းပုံအခြေခံဥပဒေ၏ နိဒါန်း၊ ပုဒ်မများ၊ ပုဒ်မခွဲများ၊ စကားလုံးစုများ၊ စကားလုံးတစ်လုံးချင်း၏ အနက်အဓိပ္ပာယ်သဘောအယူအဆများ ဖွင့်ဆိုရာ၌ မြန်မာစာဖြင့် ရေးသားထားချက်များ အပေါ်တွင်သာ အခြေပြုရမည်။**

**၅။ ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ စကားရပ်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် တည်ဆဲစကားရပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေကို ကိုးကားရမည်။**

**၆။ ဤဖွဲ့စည်းပုံအခြေခံဥပဒေ မြန်မာစာမူတစ်ခုကို အမျိုးသားမော်ကွန်းတိုက်တွင် မော်ကွန်းတင်ထားရှိရမည်၊ ထိုစာမူသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေရှိ ပြဋ္ဌာန်းချက်များအတွက် အပြီးအပြတ် သက်သေအရာ တည်စေရမည်။**

**၇။ ပြည်ထောင်စုအစိုးရသည် ပြည်ထောင်စုအစိုးရကသာ လုပ်ကိုင်ဆောင်ရွက်ရန် သတ်မှတ်ထားသော စီးပွားရေးလုပ်ငန်း တစ်ရပ်ရပ်ကို နိုင်ငံတော်၏ အကျိုးစီးပွားအလို့ငှာ–**

**(က) တိုင်းဒေသကြီးအစိုးရအဖွဲ့ သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ဖက်စပ်လုပ်ကိုင် ဆောင်ရွက်ရန်ဖြစ်စေ၊ စည်းကမ်းသတ်မှတ်ချက်ဖြင့် လုပ်ကိုင်ဆောင်ရွက်ရန်ဖြစ်စေ ခွင့်ပြုနိုင်သည်။**

**(ခ) သမဝါယမအဖွဲ့အစည်း၊ စီးပွားရေးအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ် တစ်ဦးဦးကို ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ဖက်စပ်လုပ်ကိုင် ဆောင်ရွက်ရန်ဖြစ်စေ၊ စည်းကမ်းသတ်မှတ်ချက်ဖြင့် လုပ်ကိုင်ဆောင်ရွက်ရန်ဖြစ်စေ ခွင့်ပြုနိုင်သည်။**

**၈။ ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာမတည်မီကာလ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် အခြားနိုင်ငံတော်အစိုးရတို့ ချုပ်ဆိုအတည်ပြုခဲ့သော စာချုပ်များအရသော်လည်းကောင်း၊ သဘောတူညီချက်များအရသော် လည်းကောင်း ပေါ်ထွက်လာသည့် တရားမျှတသည့် တာဝန်များကို အဆိုပါ အခြားနိုင်ငံကလည်း ပြည်ထောင်စုမြန်မာနိုင်ငံနှင့် စပ်လျဉ်း၍ ထားရှိအပ်သော ပဋိညာဉ်များကို လေးစားပါက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကလည်း လေးစားသည်။**

**၉။ (က) ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာမတည်မီက ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရနှင့် ချုပ်ဆိုထားရှိခဲ့သော ပဋိညာဉ်များနှင့် စပ်လျဉ်း၍ ဖြစ်စေ၊ တာဝန်များနှင့် စပ်လျဉ်း၍ ဖြစ်စေ ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရအား တရားစွဲဆိုနိုင်သော အခွင့်အရေးအရ တရားစွဲဆိုရန် ပေါ်ပေါက်ခဲ့လျှင် ပြည်ထောင်စု အစိုးရအား တရားစွဲဆိုနိုင်သည်။**

**(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏အမည်ဖြင့် တရားစွဲဆိုနိုင်သည်။ ထိုနည်းတူပင် တရားစွဲဆိုခြင်းကို ခံနိုင်သည်။**

အထက်ပါ စုစည်းတင်ပြထားသော အချက်(၉)ချက်သည် ပြီးပြည့်စုံသည်ဖြစ်၍ ထပ်မံ အကြံပြုစရာမရှိတော့သဖြင့် အသေးစိတ်အခြေခံရမည့် အခြေခံမူအဖြစ် ချမှတ်သင့်ကြောင်း အကြံပြုအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အမျိုးသားညီလာခံလုပ်ငန်းကော်မတီဥက္ကဋ္ဌမှ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဖွဲ့စည်းရေးနှင့် စပ်လျဉ်းပြီး ရှင်းလင်းတင်ပြသွားပါတယ်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ ခုံရုံးဖွဲ့စည်းရေးနှင့် စပ်လျဉ်းပြီး အကြံပြု ဆွေးနွေးသွားပါ့မယ်–

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးရဲ့ လုပ်ငန်းတာဝန်များသည် အထူးပင်အရေးကြီးပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို လိုအပ်လျှင် အနက်အဓိပ္ပာယ် ဖွင့်ဆိုပေးဖို့ကိစ္စ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများ ပေါ်ပေါက်လာရင် အဲဒီအငြင်းပွားမှုများကို အဆုံးအဖြတ်ပေးဖို့ ကိစ္စများပါဝင်တဲ့အတွက် ခုံအဖွဲ့ဝင်အဖြစ် တာဝန်ပေးရာမှာ အသက်အရွယ်အားဖြင့် ငယ်လွန်းသူ မဖြစ်သင့်တဲ့အတွက် အသက်(၅၀)နှစ်ပြည့်ပြီးသူ ဖြစ်သင့်ပြီး ပြည်ထောင်စုတရားသူကြီးချုပ်နဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တရားသူကြီးများအတွက် သတ်မှတ်ထားတဲ့ အရည်အချင်းများနဲ့ ပြည့်စုံသူ ဖြစ်သင့်ပါတယ်။ ဒါ့အပြင် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လုံခြုံရေးရာ ကိစ္စများမှာ အတွေ့အကြုံရှိတဲ့ ပုဂ္ဂိုလ်များလဲ ပါဝင်သင့်ပါတယ်။ နိုင်ငံတော်အတွက် မြင့်မားလှတဲ့တာဝန်ထမ်းဆောင်ဖို့ တာဝန်ပေးခံရမှာ ဖြစ်တဲ့အတွက် နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ်မှာလည်း သစ္စာရှိသူ ဖြစ်သင့်ပါတယ်။ လုပ်ငန်းတာဝန် မြားမြောင်လှမယ့် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဖွဲ့စည်းတဲ့အခါ ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်(၉)ဦးဖြင့် ဖွဲ့စည်းသင့်ကြောင်း သဘောရရှိပါတယ်။ အဲဒီအဖွဲ့ဝင်(၉)ဦးကို ရွေးချယ်ရာမှာလည်း ပုဂ္ဂိုလ်တစ်ဦးတည်းက ရွေးချယ်ရန် မသင့်တော်တဲ့အတွက် နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌများက အဖွဲ့ဝင်(၃)ဦးစီကို လွှတ်တော်ကိုယ်စားလှယ်များထဲက ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ် မဟုတ်သူများထဲက ဖြစ်စေ ရွေးချယ်သင့်ပြီး ပြည်ထောင်စုလွှတ်တော်ရဲ့ သဘောတူညီမှုရယူသင့်ပါတယ်။ ပြည်ထောင်စုလွှတ်တော်အနေနဲ့လည်း နိုင်ငံတော်သမ္မတက စုစည်းတင်ပြလာတဲ့ ခုံရုံးအဖွဲ့ဝင်များနဲ့ စပ်လျဉ်းပြီး အရည်အချင်းမပြည့်စုံကြောင်း အထင်အရှားပြသခြင်းမပြုနိုင်ရင် အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးရန် ငြင်းပယ်ခွင့်မရှိကြောင်း သဘောရရှိပါတယ်။ ဒါ့အပြင် ခုံရုံးအဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးဖို့ ပြည်ထောင်စုလွှတ်တော်ရဲ့ သဘောတူညီချက်မရရှိဘဲ အဖွဲ့ဝင်နေရာအတွက် အမည်စာရင်းအသစ် တင်သွင်းခွင့်ကိုလည်း သတ်မှတ်ချက်များနဲ့အညီ သမ္မတက တင်သွင်းခွင့် ရှိစေသင့်ပါတယ်။ ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဖွဲ့စည်းရေး၊ အဖွဲ့ဝင်များခန့်ထားပေးရေး၊ အဖွဲ့ဝင်များရှိသင့်တဲ့ အရည်အချင်းများနှင့်စပ်လျဉ်းပြီး အမျိုးသားညီလာခံ လုပ်ငန်းကော်မတီဥက္ကဋ္ဌမှ ရှင်းလင်းတင်ပြထားသည့် အချက်များသည် ပြီးပြည့်စုံသည်ဖြစ်၍ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်သင့်ကြောင်း တင်ပြအပ်ပါတယ်။

ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးသက်တမ်းနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးတွင်အဖွဲ့ဝင်အဖြစ် တာဝန်ခန့်ထားခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်တစ်ဦးအပေါ် စွပ်စွဲပြစ်တင်ခြင်းနဲ့ စပ်လျဉ်း၍ လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၏ လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ တရားရုံးတစ်ရုံးက အမှုကိုစစ်ဆေးစီရင်ရာမှာ ဥပဒေပြဋ္ဌာန်းချက် တစ်ရပ်ရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ဆန့်ကျင်မှု ရှိ–မရှိ၊ ညီညွတ်မှု ရှိ–မရှိ အငြင်းပွားမှု ပေါ်ပေါက်ခြင်းနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအတွက် လိုအပ်သောဥပဒေပြဋ္ဌာန်းပေးရာတွင် ခုံရုံးဥက္ကဋ္ဌနဲ့အဖွဲ့ဝင်များအဆင့် သတ်မှတ်ရေးတို့နှင့် စပ်လျဉ်း၍ လည်းကောင်း၊ အမျိုးသားညီလာခံ လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီးမှ စုစည်းရှင်းလင်းတင်ပြထားသည့် အချက်(၂၆)ချက်သည် ပြီးပြည့်စုံသည်ဖြစ်၍ အသေးစိတ်အခြေခံမူအဖြစ် ချမှတ်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးနှင့် အမျိုးသားညီလာခံ ကိုယ်စားလှယ်ကြီးများခင်ဗျား–**

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များ အခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များ အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်းပြီး ကျွန်တော်တို့ ပြည်ထောင်စု ကရင်အမျိုးသားများ အဖွဲ့ချုပ်၏ အကြံပြုချက်စာတမ်းကို ဖတ်ကြားတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ ။

## ဒစ္စကာဗာရီ အာကာသလွန်းပြန်ယာဉ် အောင်မြင်စွာပြန်လည်ဆင်းသက်

နိုင်ငံတကာ အာကာသယာဉ်စခန်းသို့ လွှတ်တင်ခဲ့သော ဒစ္စကာဗာရီ အာကာသလွန်းပြန်ယာဉ်သည် ဒီဇင်ဘာ ၂၂ရက် ဒေသစံတော်ချိန် ၁၇၃၂နာရီ (ဂရင်းနစ်စံတော်ချိန် ၂၂၃၂နာရီ)တွင် ဖလော်ရီဒါပြည်နယ် ကနေဒီ အာကာသယာဉ်စခန်းသို့ အောင်မြင်စွာ ပြန်လည်ဆင်းသက်လာခဲ့ပြီဖြစ်သည်။

(အောက်ပုံ)

**အောင်မြင်စွာ**

နိုင်ငံတကာ အာကာသယာဉ်စခန်း (အိုင်အက်စ်အက်စ်)တွင် ပြင်ဆင်မှုများပြုလုပ်ရန်အတွက် ရက်ပေါင်း ၁၃ရက်ကြာ အာကာသခရီးစဉ်ကို အောင်မြင်စွာ ခရီးနှင်ခဲ့သော အာကာသယာဉ်မှူး ခုနစ်ဦးလည်း ပြန်လည်လိုက်ပါလာခဲ့ကြသည်။

**စီစဉ်ထား**

ယခု အောင်မြင်စွာပြန်လည်ဆင်းသက်နိုင်ခဲ့သော ဒစ္စကာဗာရီ အာကာသလွန်းပြန်ယာဉ်သည် နာဆာအတွက် ယခုနှစ်အတွင်း သုံးကြိမ်မြောက် အောင်မြင်စွာ ပြန်လည်ဆင်းသက်နိုင်ခဲ့သော အာကာသလွန်းပြန်ယာဉ်လည်းဖြစ်သည်။ နာဆာသည် လာမည့် ၂၀၀၇ခုနှစ်အတွင်း အာကာသလွန်းပြန်ယာဉ် ငါးစင်းကျော်လွှတ်တင်ရန် စီစဉ်ထားသည်။

အာကာသသို့ ခရီးနှင်ရခြင်းမှာ စိတ်လှုပ်ရှားဖွယ်ရာဖြစ်ကြောင်း ဒစ္စကာဗာရီ အာကာသလွန်းပြန်ယာဉ် မြေပြင်ဆင်းသက်ခဲ့ပြီးနောက် အာကာသယာဉ်မှူး မက်ပိုလန်စကီးက ပြောကြားသည်။

**ရှစ်ရက်ကြာ**

ဒစ္စကာဗာရီ အာကာသလွန်းပြန်ယာဉ်နှင့် လိုက်ပါသွားသော အာကာသယာဉ်မှူးများသည် နိုင်ငံတကာ အာကာသယာဉ်စခန်းတွင် ရှစ်ရက်ကြာ ပြင်ဆင်မှုများ ပြုလုပ်ခဲ့ကြသည်။

(ကိုးကား–အင်တာနက်)



**အင်တာနက် သတင်း နှင့် ဓာတ်ပုံ**

❐ *ကျော်ဖုံးမှ*

## ကြည့်ရှုအားပေး

အဆိုပါအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် လှဋ္ဌေးဝင်းနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့လည်း တက်ရောက်ကြည့်ရှု အားပေးခဲ့ကြသည်။

ယင်းအိုင်စီတီ ပြပွဲ၊ ဈေးပွဲတော် (၂၀၀၆)နှင့်အတူ ပညာရေးကဏ္ဍတွင် အိုင်စီတီနည်းပညာများကို အပြည့်အဝအသုံးချနိုင်စေရေး အခွင့်အလမ်းများ ပေါ်ပေါက်လာစေရန်နှင့် ပညာရေး အထောက်အကူပြု ပရိုဂရမ်များ ပေါ်ပေါက်လာစေရန်အတွက် ရည်ရွယ်၍ တတိယအကြိမ် ပညာရေးအထောက်အကူပြု ပရော့ဂျက်နှင့် ကျောင်းဝက်ဘ်ဆိုက် ပြိုင်ပွဲကိုလည်း ဒီဇင်ဘာ ၂၄ရက်တွင်ပြုလုပ်ပြီး ဒီဇင်ဘာ ၂၅ရက်တွင် ဆုများ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

## ပရော့ဂျက်ပြိုင်ပွဲ

ပညာရေး အထောက်အကူပြု ပရော့ဂျက်ပြိုင်ပွဲတွင် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန အမှတ်(၁)၊ အမှတ်(၂)နှင့် အမှတ်(၃)တို့မှ ဆန်ခါတင် ရွေးချယ်ပေးခဲ့သော ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများထဲမှ အခြေခံပညာအလယ်တန်းနှင့် မူလတန်းအဆင့်တွင် တစ်ဦး၊ အခြေခံပညာအထက်တန်းအဆင့်တွင် တစ်ဦးနှင့် ဆရာ ဆရာမ ပညာရေးဝန်ထမ်းများအဆင့်တွင် တစ်ဦး ရွေးချယ်ပြီး အကောင်းဆုံးဆုများ ရွေးချယ်ပေးမည်ဖြစ်ကြောင်း သိရသည်။ ကျောင်းဝက်ဘ်ဆိုက်ပြိုင်ပွဲအတွက် ဆုတစ်ဆုသာလျှင် ရွေးချယ်မည်ဖြစ်ကြောင်းသိရသည်။

အိုင်စီတီပြပွဲ ဈေးပွဲတော် (၂၀၀၆) တွင် လာရောက်ခင်းကျင်း ပြသသော ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများနှင့်စပ်လျဉ်း၍ မြန်မာ့အလင်းသတင်းအဖွဲ့က လေ့လာမေးမြန်းခဲ့ပါသည်။

## ဈေးနှုန်းချိုသာ

ရှေးဦးစွာ လမ်းမတော်မြို့နယ် လမ်းသစ်လမ်း အမှတ် ၇၂ရှိ Golden Power Technology မှ အိုင်တီပြပွဲဈေးပွဲတော်သို့ လာရောက်ပြသရာ မန်နေဂျာ ဒေါ်နှင်းနှင်းဝါက ပြောကြားရာတွင် “Golden Power Technology အနေဖြင့် မြန်မာပြည်အတွက် တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် ဖြန့်ချိရောင်းချလျက်ရှိသော ASUS Motherboards၊ Graphic Cards၊ Optical Drives၊ Note Book၊ LCDနှင့် အခြားကွန်ပျူတာဆက်စပ်ပစ္စည်းများကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးမည့်အပြင် ယင်းပြခန်းတွင် အရည်အသွေးမြင့် ASUSပစ္စည်းများကို အခြားအရည်အသွေး မမီသည့် ပစ္စည်းများနှင့် မှားယွင်းမှု မရှိစေရန် ASUS ပစ္စည်းဘူးခွံပေါ်တွင် ပါရှိသော Warranty Sticker များ ပါရှိကြောင်း” ပြောကြားသည်။




**မြန်မာပြည်တွင် လူကြိုက်များသော MSI အမှတ်တံဆိပ်များကို ရောင်းချပေးနေပါတယ်။**
ဦးအောင်အောင်
Smart Computer Technology
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

## ရှင်းလင်းပြောကြား

ထို့နောက် Myanmar Information Technology Pte., Ltd. (MIT) ပြခန်းတွင် စီးပွားရေးလုပ်ငန်းသုံး Software များ စုံလင်စွာ ပြသထားရာ ကွန်ပျူတာသုံး စာရင်းကိုင်စနစ် (Bizacc)၊ ကွန်ပျူတာသုံး အရောင်းစနစ်(Multipos)၊ ဟိုတယ်နှင့်ဆေးရုံသုံးဆော့ဖ်ဝဲလ်များ၊လစာပေးစနစ် (Pay Master )နှင့် Human Resource Management System (HRM) များလည်း ပါဝင်ပြသထားကြောင်း ယင်းကုမ္ပဏီမှ အထွေထွေမန်နေဂျာ ဒေါ်မြင့်မြင့်စိုးက မြန်မာ့အလင်းသို့ ရှင်းလင်းပြောကြားသည်။



**View Sonic ကွန်ပျူတာ မော်နီတာနှင့် ဆက်စပ်ပစ္စည်းများကို အာမခံချက်ဖြင့် ရောင်းချပေးနေပါတယ်။**
ဦးသောင်းအေးထွန်း
View Sonic အရောင်းတာဝန်ခံ
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

## အထူးအစီအစဉ်

အထူးအစီအစဉ်အဖြစ် ယင်းကုမ္ပဏီမှ ပွဲတော်ရက်အတွင်း Software ဝယ်ယူသူများအား ဝယ်ယူသော ပစ္စည်းပေါ်တွင် ၁၀ရာခိုင်နှုန်း ဈေးလျှော့ရောင်းပေးမည်ဖြစ်ကြောင်း၊ ထို့အပြင် Myanmar Professional Education Centre (MPEC) မှလည်း ကွန်ပျူတာအခြေခံသင်တန်းနှင့် Professional သင်တန်း တက်ရောက်သူတိုင်းအတွက် ၁၀ရာခိုင်နှုန်း ဈေးလျှော့ပေးမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။



**အရည်အသွေးကောင်း ASUS ကွန်ပျူတာပစ္စည်းများကို ဈေးနှုန်းချိုသာစွာဖြင့် အာမခံချက်ပေးပြီး ရောင်းချပေးနေပါတယ်။**
ဒေါ်နှင်းနှင်းဝါ
Golden Power Technology
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

တစ်ဖန် ယင်းဈေးပွဲတော်သို့ လာရောက်ပြသသည့် ကျောက်တံတားမြို့နယ် ၃၆လမ်းရှိ Smart Computer Technology မှ မန်နေဂျာ ဦးအောင်အောင်ကလည်း “Motherboard Graphic Card နှင့် လူငယ်များအကြိုက် MP-3၊ MP-4 Player များ ပြသထားကြောင်း၊ ယင်းတို့၏ MSI အမှတ်တံဆိပ်များမှာ မြန်မာပြည်တွင် လူကြိုက်အများဆုံးနှင့် အရောင်းရဆုံး တံဆိပ်ဖြစ်ကြောင်း” မြန်မာ့အလင်းသို့ ပြောကြားသည်။

## အဆင်ပြေ

ယင်းသို့ပြသထားရာတွင် 975X Platinum နှင့် P965 Platinum တို့မှာအထူးပြသထားသည့် ကွန်ပျူတာပစ္စည်းများဖြစ်ကြောင်း၊ ထို့အပြင် NX-8800 GTX ဂရပ်ဖစ်မှာ နောက်ဆုံးပေါ်ဖြစ်ပြီး ယင်းပစ္စည်းများသည် နောင်ပေါ်လာမည့် Microsoft Window VISTA နှင့် အဆင်ပြေမှုရှိကြောင်း၊ စမ်းသပ်မှုများ ပြုလုပ်ထားပြီးဖြစ်ကြောင်းနှင့် ၎င်းက ဆက်လက်ပြောကြားသည်။

ယင်းနောက် View Sonic ကွန်ပျူတာမော်နီတာနှင့် ဆက်စပ်ပစ္စည်းများ လာရောက်ခင်းကျင်းပြသသော ဦးသောင်းအေးထွန်းကလည်း “LCD Monitor (Flat Panel) များကို ဝယ်ယူသူများအား သုံးနှစ်ပစ္စည်းဖိုးနှင့် အခမဲ့ပြင်ပေးမည်ဖြစ်ကြောင်း၊ CRT Monitor များကို ဝယ်ယူသည့်နေ့မှစ၍ နှစ်နှစ် ပစ္စည်းဖိုးနှင့် ပြုပြင်ခကို အခမဲ့ပြုလုပ်ပေးမည်ဖြစ်ကြောင်း၊ LCD TV နှင့် Projector များကို ဝယ်ယူသည့်နေ့မှစ၍ တစ်နှစ်အတွင်း ပစ္စည်းဖိုးနှင့် ပြုပြင်ခ အခမဲ့ပြုလုပ်ပေးမည်ဖြစ်ကြောင်း၊ Accessory (Keyboard၊ Mouse၊ Web Can၊ Headset)များကို ဝယ်ယူသည့်နေ့မှစ၍ တစ်လအတွင်း ပစ္စည်းဖိုးနှင့် ပြုပြင်ခကို အခမဲ့ပြုလုပ်ပေးမည်ဖြစ်ကြောင်း” မြန်မာ့အလင်းသို့ ပြောကြားသည်။

## စုံလင်စွာပြသ

အိုင်စီတီပြပွဲ ဈေးပွဲတော်(၂၀၀၆) တွင် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းဝင် ကုမ္ပဏီ၆၀မှ ပြခန်းပေါင်း ၁၂၀ဖြင့် ကွန်ပျူတာဆော့ဖ်ဝဲလ် သင်တန်းအမျိုးမျိုး၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းအမျိုးမျိုး၊ Network ဆက်သွယ်ရေးပစ္စည်း အမျိုးမျိုးတို့ကို စုံလင်စွာ ပြသထားသည်။

## အခွင့်အလမ်း

သို့ဖြစ်၍ အိုင်စီတီပြပွဲဈေးပွဲတော် (၂၀၀၆) သည် ကွန်ပျူတာနည်းပညာ လေ့လာသင်ကြားနေသူများ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ကွန်ပျူတာအသုံးချလုပ်ငန်းများ လုပ်ကိုင်သူများ၊ ကျောင်းသားကျောင်းသူများအတွက် ကွန်ပျူတာနည်းပညာ၏ တိုးတက်ပြောင်းလဲမှုများကို မျက်ခြည်မပြတ် လေ့လာသိရှိနိုင်မည့် အခွင့်အလမ်းတစ်ရပ်ဖြစ်ပါကြောင်း သတင်းစကားပါးလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**




**မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်များအသင်းက ကြီးမှူးကျင်းပသည့် အိုင်စီတီပြပွဲဈေးပွဲတော်(၂၀၀၆) ဖွင့်ပွဲအခမ်းအနားတွင် ကျောင်းသား ကျောင်းသူများ ကွန်ပျူတာနည်းပညာများကို ဤသို့ စိတ်ဝင်တစား လေ့လာနေကြသည်။**
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

## မြန်မာ့ပင်လယ် ဒို့ကာကွယ်

✦ မိုးသက်မုန်တိုင်း၊ ရှစ်တိုင်းသိုင်းဖွဲ့ဆင်
လှိုင်းကြမ်းခုန်ပေါက်၊ လှန်မှောက်ဆွဲယူငင်
လေရိုင်းဝှေ့နှင်၊ ပင်လယ်ငရဲ
မိုးကုပ်အောက်ဝယ်၊ သဘော်ငယ်
မာန်ထည်မလျှော့ ဖွဲငယ်နှင့်လေး။

✦ နေရဲ သေရဲ၊ အမြဲပင်လယ်မှာ
ရေပြင်ပိုင်နက်၊ အသက်ထက်တွယ်တာ
အချုပ်အခြာ၊ အာဏာပိုင်စိုး
မြန်မာ့ပင်လယ်၊ ဒို့ကာကွယ်
ဘယ်ခါဂုဏ်မညှိုးသည်နှင့်လေး။

✦ သောင်းကျန်းခိုးဆိုး၊ နှိမ်ချိုးအမြစ်ပယ်
သယံဇာတ၊ ကြွယ်ဝ ဒို့ပင်လယ်
စီးပွားကုန်သွယ်၊ ကာကွယ်မပျက်
ဓာတ်ငွေ့ရေနံ၊ ရင်းမြစ်လှံ့
နိုင်ငံဖွံ့ဖြိုးတက်စေဖို့လေး။

✦ နေဝင်လထွက်၊ ညောင်းရက်တို့ချာလည်
အန္တရာယ်သည်လမ်း၊ အကျွမ်းဝင်ခဲ့ပြီ
နှစ်လတာရှည်၊ ရာသီကုန်ဆန်း
ပင်လယ်မှာပျော်၊ ပင်လယ်ပျော်
တူပျော်တာဝန်ထမ်းသည်နှင့်လေး။

✦ ဆင့်ဆင့်လက်ကမ်း၊ ရွက်ထမ်းအားနှင့်မာန်
ငါးဆယ့်ကိုးနှစ်၊ တွက်စစ်ရောက်ခဲ့ပြန်
လှေ့ခွက်ချည်းကျန်၊ အလံမလှဲ
တပ်မတော်(ရေ)၊ စစ်သည်တွေ
ကျေပွန်ရှေ့ဆက်မြဲပါတည့်လေး။

✦ ရင်ထဲမနေးယခု၊ ရေးပြုစာစီ မြတ်အဖော်ဆွေ။
အစဉ်အမြဲတွေးရှု၊ အလေးပြုပါသည် တပ်မတော်(ရေ)။ ။

**[(၅၉)နှစ်မြောက် တပ်မတော်(ရေ) နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုလျက်-]**

**ဇော်မင်းမင်းဦး**

## ဘိုကလေးဆရာတော်၏ ဝိဇာတမင်္ဂလာနှင့် သိက္ခာထပ်မင်္ဂလာပွဲ

**ရန်ကုန် ဒီဇင်ဘာ ၂၃**

ရွှေတိဂုံစေတီတော် အင်္ဂါသမာဓိအသင်းကြီး၏ ဩဝါဒါစရိယ ဘိုကလေးဆရာတော် မဟာထေရ်အရှင်မြတ်ကို သိက္ခာထပ်နှင့် ဝိဇာတ မွေးနေ့မင်္ဂလာပူဇော်ပွဲအကြိုအဖြစ် ၁၃၆၈ခုနှစ် ပြာသိုလဆန်း၁၂ရက် (ဒီဇင်ဘာ ၃၀ ရက်)စနေနေ့ ညနေ၅နာရီမှ ည၇နာရီတွင် ရွှေတိဂုံစေတီတော် ရာဟုထောင့်၌ အင်္ဂါသမာဓိအသင်းကကြီးမှူး၍ ပန်း၊ ဆီမီး၊ နံ့သာများ ဆက်ကပ်လှူဒါန်းပူဇော်မည်ဖြစ်ပြီး ၁၃၆၈ခုနှစ် ပြာသိုလဆန်း၁၃ရက် (ဒီဇင်ဘာ ၃၁ ရက်)တနင်္ဂနွေနေ့ နံနက် ၈နာရီတွင် ရွှေတိဂုံစေတီတော် တောင်ဘက်မုခ် ရဟန္တာသိမ်တော် ကြီးတွင် သိက္ခာထပ်မင်္ဂလာအခမ်းအနား ကျင်းပမည်ဖြစ်သည်။ ယင်းနေ့ နံနက်၉နာရီတွင် ဗဟန်းမြို့နယ် ကြားတောရလမ်းနှင့် ကိုယ့်မင်းကိုယ်ချင်းလမ်းထောင့်(ရေခဲဆိုင်မှတ်တိုင်အနီး)ရှိ သာသနာ့လင်္ကာရမဟာဓမ္မဗိမာန်တော်ကြီး၌ ရေစက်ချတရားတော်နာယူကာ ပင့်သံဃာတော် အရှင်မြတ်အပါး၂၀တို့အား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းမည်ဖြစ်ပြီး မွန်းလွဲ ၁နာရီတွင် ဘိုကလေးဆရာတော်၏ ဝိဇာတမွေးနေ့မင်္ဂလာကို ကျင်းပမည်ဖြစ်သည်။ **(က-ပ)**

## မင်္ဂလာဗျူဟာ တရားစခန်းဖွင့်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၃**

ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာ အသင်းချုပ်တွင် (၃၁)ကြိမ်မြောက် မင်္ဂလာဗျူဟာ ဝိပဿနာ ခုနစ်ရက်တရားစခန်းကို ၂၀၀၇ခုနှစ် ဇန်နဝါရီ ၃ရက် ညနေ ၆နာရီတွင် စတင်ဖွင့်လှစ်မည်ဖြစ်ရာ မည်သူမဆို တရားဝင်ရောက် ကျင့်နိုင်ရန် ကြိုတင်စာရင်းပေးသွင်းနိုင်ပြီး ယောဂီများအတွက် ကုသိုလ်ယူလှူဒါန်းနိုင်ကြောင်း သိရသည်။ **(၃၅၂)**

# အမျိုးသားညီလာခံကြီး အောင်မြင်စွာပြီးစီးပြီးနောက် မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်အကောင်အထည်ဖော်သွားရန် အခိုင်အမာသန္နိဋ္ဌာန်ချမှတ်ထား

● **ရှေ့ဖုံးမှ**

ပြည်ထောင်စုနေ့အခမ်းအနားများကို နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပနေခြင်းမှာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းအားဖြင့် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို ပြန်လည်ရယူနိုင်ခဲ့သည့် သမိုင်းအစဉ်အလာကောင်းကိုဖော်ညွှန်းပြီး တိုင်းရင်းသားများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ခိုင်မာနေစေရေးအတွက် ကျင်းပနေခြင်းဖြစ်ကြောင်း။

ပြည်ထောင်စု မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသား လူမျိုးများသည် ရှေးပဝေသဏီကတည်းက တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်ပြီး ဥမကွဲသိုက်မပျက် နေထိုင်လာခဲ့ကြသည့် ညီရင်းအစ်ကို မောင်ရင်းနှမများ ဖြစ်ကြကြောင်း။

မြန်မာ့သမိုင်းစဉ်တစ်လျှောက်တွင် ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ်ကြငှန်းဖြင့် ထည်ထည်ဝါဝါနေထိုင်လာခဲ့ကြသည့် ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို ထိပါးလာသည့် ရန်စွယ်ဟူသမျှတို့ကို သွေးစည်းညီညွတ်ခြင်း၊တစ်စိတ်တစ်ဝမ်းတည်း တည်ရှိခြင်းဆိုသော ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းတည်၍ စုပေါင်းတွန်းလှန်ဖြိုဖျက်ခဲ့သည့်သာဓကများကို အထင်အရှားတွေ့မြင်နိုင်မည်ဖြစ်ကြောင်း။

## တွန်းလှန်ကာကွယ်ခဲ့

ကိုလိုနီနယ်ချဲ့တို့ မြန်မာ့မြေကိုထိပါးလာသည့်အချိန်တွင်လည်း တိုင်းရင်းသား ညီအစ်ကိုမောင်နှမများသည် ကြောက်ရွံ့ခြင်းကင်းစွာဖြင့် အသက်ကိုပဓာနမထားဘဲ အမိနိုင်ငံတော်ကို ကာကွယ်လိုသည့် စိတ်ဓာတ်ဖြင့် ရဲဝံ့စွန့်စားစွာ ညီညီညွတ်ညွတ် တွန်းလှန်ကာကွယ်ခဲ့ကြသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

နယ်ချဲ့တို့က ကျူးကျော်စစ်သုံးကြိမ်တိုင်အောင် တိုက်ခိုက်ကာ အမိမြန်မာနိုင်ငံတော်ကို မတရားသိမ်းပိုက်ခဲ့ပြီး မြန်မာတိုင်းရင်းသားများအတွင်း နှစ်ပေါင်းကြာရှည်စွာ ဖြစ်ထွန်းတည်ရှိခဲ့သည့် စည်းလုံးညီညွတ်မှုပျက်ပြားစေရန်၊ တိုင်းရင်းသားညီ အစ်ကိုမောင်နှမများအတွင်း ခိုင်မြဲနေသည့် ပြည်ထောင်စုစိတ်ဓာတ်ပျက်ပြားစေရန် နယ်ချဲ့တို့က အစီအစဉ်ရှိရှိ ကြံစည်လုပ်ကိုင်ခဲ့ကြောင်း၊ မြန်မာတိုင်းရင်းသားများ ကျွန်သက်ရှည်စေရန် တိုင်းရင်းသားစည်းလုံး ညီညွတ်မှုပြိုကွဲအောင် Divide and Rule Policy ဖြင့် ခွဲခြားအုပ်ချုပ်ခဲ့ကြောင်း။

## လွတ်လပ်ရေးအရယူ

အမြော်အမြင်ကြီးမားသော တိုင်းရင်းသားခေါင်းဆောင်များ၏ ကြိုးပမ်းစွမ်းဆောင်ချက်ကြောင့်သာ မြန်မာတစ်နိုင်ငံလုံး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ပြန်လည်တည်ဆောက်နိုင်ခဲ့ပြီး လွတ်လပ်ရေးကို အရယူနိုင်ခဲ့ခြင်းဖြစ်ကြောင်း။

သို့ရာတွင် နယ်ချဲ့တို့၏ နှစ်ပေါင်းတစ်ရာကျော်မျှ တိုင်းရင်းသားများအတွင်း စိတ်ဝမ်းကွဲပြားအောင် ဖန်တီးခြယ်လှယ် စိုးမိုးအုပ်ချုပ်ခဲ့မှုကြောင့် လွတ်လပ်ရေးရရှိပြီးသော်လည်း တိုင်းရင်းသားညီအစ်ကိုအချင်းချင်း နှစ်၄၀ကျော်ကြာအောင် လက်နက်ကိုင်ပဋိပက္ခများဖြစ်ပွားကာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကို မဆောင်ရွက်နိုင်ဘဲ ပြည်ထောင်စုကြီး အစိတ်စိတ်အမြွှာမြွှာ ဖြစ်တော့မည့်အခြေအနေများ ကျရောက်ခဲ့ရသည်ကို အထူးသတိပြု သင်ခန်းစာယူကြရမည်ဖြစ်ကြောင်း။

## နားလည်စာနာမှု

ထို့ကြောင့် မိမိတို့ နိုင်ငံ့တာဝန်ယူခဲ့ရသည့်အချိန်တွင် မိမိတို့ တိုင်းရင်းသားအချင်းချင်း အပြန်အလှန်နားလည်စာနာမှု၊ အပြန်အလှန်သည်းခံခွင့်လွှတ်မှုတို့ကို အခြေခံ၍ တိုင်းရင်းသားစည်းလုံးညီညွတ်မှုရရှိခိုင်မြဲစေရအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း။

တိုင်းရင်းသားစည်းလုံးညီညွတ်မှုခိုင်မြဲမှသာ တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်ထွန်းလာနိုင်မည်ဆိုသည့် ခံယူချက်ဖြင့် နိုင်ငံတော်ကို အဘက်ဘက်မှဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းတည်ဆောက်ခဲ့သည့်အတွက် ယခုအခါဖွံ့ဖြိုးတိုးတက်မှုရလဒ်ကောင်းများကို ပြည်သူများခံစားနေကြရပြီဖြစ်ကြောင်း။

## အထူးအလေးထား

ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်းရှိ ပြည်နယ်၊ တိုင်း ဒေသအားလုံး အကြားအလပ်မရှိ တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်မှုများ အရှိန်အဟုန်ဖြင့် ဖြစ်ထွန်းလာစေရေးအတွက်လည်း ဖွံ့ဖြိုးရေးဒေသကြီး စီမံကိန်း၂၄ခု၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းတို့ဖြင့် ဘက်ပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အထူးအလေးထား ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ထိုစီမံကိန်းများက ဒေသတည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားအချင်းချင်း ကူးလူးဆက်ဆံမှု လွယ်ကူချောမွေ့ရေး၊ တိုင်းရင်းသားညီအစ်ကိုများ အကြား အထင်အမြင်လွဲမှားမှု၊ စိတ်ဝမ်းကွဲပြားမှုများ ကင်းရှင်းရေး၊ တိုင်းရင်းသားညီအစ်ကို မောင်နှမများ၏ လူနေမှုဘဝတိုးတက်မြင့်မားရေးတို့ ဖြစ်ထွန်းစေလျက်ရှိကြောင်း။

## ဖြစ်ထွန်းအောင်မြင်

နိုင်ငံတော်တွင် ယခုကဲ့သို့ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေကောင်းများ ရရှိလာချိန်တွင် ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် နိုင်ငံတော်အစိုးရက နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ပြီး မူဝါဒလမ်းစဉ်(၇)ရပ်အနက် ပထမအဆင့်ဖြစ်သော အမျိုးသားညီလာခံကို ဆက်လက်ကျင်းပခဲ့ရာ အချိန်နှင့်တစ်ပြေးညီ ဖြစ်ထွန်းအောင်မြင်မှုများ ရရှိနေပြီဖြစ်ကြောင်း။

**အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့ရှစ်ဖွဲ့တို့ ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်မှုဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ထွန်းလာရေးအတွက် အကျိုးရလဒ်ကောင်းများ ရရှိနေပြီလည်းဖြစ်ကြောင်း၊ အမျိုးသားညီလာခံကြီး အောင်မြင်စွာပြီးစီးပြီးနောက် မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်အကောင်အထည်ဖော်သွားရန်ကိုလည်း နိုင်ငံတော်အစိုးရအနေဖြင့် အခိုင်အမာသန္နိဋ္ဌာန်ချမှတ်ထားပြီးဖြစ်ကြောင်း ပြောကြားလိုကြောင်း။**

## တက်ညီလက်ညီ

လာမည့် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့အခမ်းအနားကို နိုင်ငံရေးအနှစ်သာရရှိရှိ၊ အမျိုးသားရေးအဓိပ္ပာယ်ပြည့်ပြည့်ဝဝဖြင့် နေပြည်တော်တွင် ပထမဆုံးအကြိမ်ကျင်းပမည်ဖြစ်ရာ နေရာသစ်ဖြစ်သည့်အလျောက် တာဝန်ယူဆောင်ရွက်ကြမည့်ပုဂ္ဂိုလ်များအနေဖြင့် လုပ်ငန်းများ အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်စေရေးအတွက် စီမံချက်များ ချမှတ်ကာ ညှိညှိနှိုင်းနှိုင်းဖြင့် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီနှင့်စီမံခန့်ခွဲမှုကော်မတီတို့ကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဖွဲ့စည်းတာဝန်ပေးထားပြီးဖြစ်သည့်အပြင် စီမံခန့်ခွဲမှုကော်မတီအောက်တွင် လုပ်ငန်းအလိုက် ဆပ်ကော်မတီအသီးသီးကိုလည်း ဖွဲ့စည်းတာဝန်ပေးထားပြီးဖြစ်ကြောင်း။

## အောင်မြင်စွာကျင်းပ

လုပ်ငန်းဆပ်ကော်မတီအသီးသီးတွင် တာဝန်ယူဆောင်ရွက်ကြမည့် ပုဂ္ဂိုလ်များအနေဖြင့် ယခင်ပြည်ထောင်စုနေ့များကျင်းပစဉ်က လုပ်ငန်းအတွေ့ အကြုံများ ရှိပြီးသူများဖြစ်သဖြင့် ပြည်ထောင်စုနေ့အခမ်းအနားကြီးကို အခက်အခဲမရှိ အောင်မြင်စွာ ကျင်းပနိုင်မည်ဟု ယုံကြည်ပါကြောင်း။

ဆပ်ကော်မတီအလိုက် လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နေရာဌာန အသစ်ဖြစ်ခြင်းကြောင့် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား တည်းခိုဆောင်များတွင် စိတ်အေးချမ်းသာစွာ တည်းခိုနေထိုင်နိုင်ရေးနှင့် လေ့လာရေး ခရီးစဉ်များတွင် စိတ်ပါဝင်စားစွာလေ့လာနိုင်ရေး၊ ကိုယ်စားလှယ်များ၏ ကျန်းမာရေး၊ သောက်သုံးရေနှင့် အစားအစာ သန့်ရှင်းလတ်ဆတ်ရေးနှင့် ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအား ဧည့်ခံကျွေးမွေးရေးနှင့်စပ်လျဉ်း၍ စိတ်ချမ်းမြေ့စွာ စားသုံးနိုင်ရေးတို့ကို အထူးဂရုပြုဆောင်ရွက်ကြရန်ဖြစ်ကြောင်း။

## ဂရုပြုဆောင်ရွက်

ထို့ပြင် ပို့ဆောင်ဆက်သွယ်ရေးအပိုင်းတွင်လည်း ကိုယ်စားလှယ်များ နေပြည်တော်သို့ အသွား/အပြန်ခရီးစဉ်နှင့် နေပြည်တော်အတွင်း သွားလာရေးများ အဆင်ပြေချောမွေ့စေရေး၊ ကိုယ်စားလှယ်များ တည်းခိုမည့်နေရာနှင့် အခမ်းအနားကျင်းပမည့် မြို့တော်ခန်းမမှာ ခရီးအတန်ငယ်ကွာလှမ်းမှုကြောင့် စီးနင်းလိုက်ပါရမည့် မော်တော်ယာဉ်များ ကြံ့ခိုင်မှုရှိစေရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးကို ဂရုပြုဆောင်ရွက်ရန် မှာကြားလိုကြောင်း။

မြို့တော်ခန်းမနှင့် တည်းခိုရေးစခန်းအကြား ခရီးလမ်းတစ်လျှောက်နှင့် အချက်အချာကျသည့် နေရာများတွင် နိုင်ငံတော်အလံ၊ ရောင်စုံအလံများ၊ ပြည်ထောင်စုနေ့ လှုံ့ဆော်ရေး မြေစိုက်ပိုစတာများ စိုက်ထူရေးနှင့် မီးရောင်စုံများ ထွန်းညှိရေးကိုလည်း ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း။

## ရေးဆွဲစိုက်ထူ

ညစာစားပွဲ ဖျော်ဖြေရေးနှင့်စပ်လျဉ်း၍ တိုင်းရင်းသားချစ်ကြည်ရင်းနှီးမှုနှင့် ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံသည့် ကပြဖြေဖျော်မှုများဖြင့် တင်ဆက်ကပြရန်၊ ပြန်ကြားရေးအပိုင်းတွင် ပြည်ထောင်စုနေ့အခမ်းအနားနှင့်သက်ဆိုင်သည့် သတင်းဆောင်းပါးများ၊ အမျိုးသားရေးဦးတည်ချက်များ၊ ဂုဏ်ပြုတေးသီချင်းများ၊ ဇာတ်လမ်းများကို သတင်းစာ၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့မှ ထုတ်လွှင့်ဖော်ပြရေးသားရန်နှင့် မြေစိုက်ပိုစတာကြီးများကို ပြည်ထောင်စုနေ့ ဦးတည်ချက်များနှင့်အညီ ရေးဆွဲစိုက်ထူရန် လိုအပ်မည်ဖြစ်ကြောင်း။

ထို့ပြင် အခမ်းအနားပြင်ဆင်ရေးအပိုင်းတွင် ယခင်နှစ်နှင့်မတူသည့် နေရာဒေသအသစ်တို့တွင် အခမ်းအနား ပြင်ဆင်ဆောင်ရွက်ရမည်ဖြစ်သဖြင့် ယခင်နှစ်ဆောင်ရွက်မှုကို အခြေခံ၍ ထပ်မံတွေ့ရှိလာမည့် လိုအပ်ချက်များကို ဖြည့်စွက်ပြီး အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

သို့ဖြစ်၍ လုပ်ငန်းတိုင်းတွင် ယခင်နှစ်များက အတွေ့အကြုံများကို အခြေခံ၍ အားနည်းချက်၊ ဟာကွက်မရှိအောင် အောင်အောင်မြင်မြင်ဖြစ်အောင် ဂရုစိုက်ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ၂၀၀၇ခုနှစ် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အခမ်းအနားကို

- **ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေး မူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊**
- **တိုင်းရင်းသား ပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန် ထွန်းကားရေး၊**
- **ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊**
- **နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊**
- **နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး**

ဟူသော အမျိုးသားရေး ဦးတည်ချက်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားနိုင်ရန် ယခုအစည်းအဝေးတက်ရောက်လာသူအားလုံးက တက်ညီလက်ညီ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က ပြည်ထောင်စုနေ့ အလံတင်အခမ်းအနားတွင် သဘာပတိအဖွဲ့ဝင်များအဖြစ်ဆောင်ရွက်မည့် ပုဂ္ဂိုလ်များသတ်မှတ်ရေးကိစ္စ၊ အလံတင်အခမ်းအနားကျင်းပရေးကိစ္စ၊ ပြည်ထောင်စုနေ့ လှုံ့ဆော်ရေးပိုစတာများ စိုက်ထူရေးကိစ္စ၊ ဘဏ္ဍာငွေလျာထားရေးကိစ္စတို့နှင့်စပ်လျဉ်း၍ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းဆွေးနွေးတင်ပြသည်။

ထို့နောက် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့အခမ်းအနားကို အမျိုးသားရေး ဦးတည်ချက်များနှင့်အညီ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းဆပ်ကော်မတီများ ဖွဲ့စည်းထားရှိမှုအခြေအနေ၊ ပြည်ထောင်စုနေ့အလံတင်အခမ်းအနားကျင်းပရေး၊ ညစာစားပွဲကျင်းပရေး၊ ပြည်ထောင်စုနေ့ကိုယ်စားလှယ်များ နေပြည်တော်သို့ လာရောက်ရေး၊ ကြိုဆိုဧည့်ခံရေး၊ နေထိုင်စားသောက်ရေးနှင့် လေ့လာရေးခရီးစဉ်များ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လုပ်ငန်းအလိုက် ဆပ်ကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက မိမိတို့တာဝန်ယူဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးမှာကြားပြီး ပြည်ထောင်စုစိတ်ဓာတ် အစဉ်ရှင်သန်နိုးကြားစေရေးကို ရေးရှု၍ နှစ်စဉ်ကျင်းပပြုလုပ်နေသည့် ပြည်ထောင်စုနေ့ အခမ်းအနားကို နေပြည်တော်တွင် ပထမဆုံးအကြိမ်ကျင်းပမည်ဖြစ်ရာ အဆင်ပြေချောမွေ့စွာ နိုင်ငံရေးအနှစ်သာရရှိရှိ ကျင်းပနိုင်ရေးအတွက် တက်ညီလက်ညီ ကြိုးစားဆောင်ရွက်ကြရန် မှာကြားပြီး ညှိနှိုင်းအစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

## ဖွံ့ဖြိုးတိုးတက်မှုရလဒ်ကောင်းများကို ပြည်သူများခံစားနေရ

**တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မြဲမှသာ တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်ထွန်းလာနိုင်မည် ဆိုသည့် ခံယူချက်ဖြင့် နိုင်ငံတော်ကို အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းတည်ဆောက်ခဲ့သည့်အတွက် ယခုအခါ ဖွံ့ဖြိုးတိုးတက်မှုရလဒ်ကောင်းများကို ပြည်သူများခံစားနေရပြီဖြစ်။**



**စုပေါင်း လမ်း လျှောက်**

**၂၀၀၆ ခုနှစ် ဒီဇင်ဘာစတုတ္ထ ပတ် လူထု အားကစား လှုပ် ရှား မှု စုပေါင်း လမ်း လျှောက်ပွဲကို နေပြည်တော်၌ ကျင်းပစဉ်။**
(သတင်းစဉ်)

** ကျောဖုံးမှ*

**ယှဉ်ပြိုင်**

ရှေးဦးစွာ နံနက်၅နာရီတွင် ပထမ အကြိမ် လူထုအားကစားလ မီနီ မာရသွန်ပြိုင်ပွဲကို စတင်ကျင်းပရာ ပြိုင်ပွဲဝင် ဝန်ကြီးဌာနများမှ ကိုယ်စားပြု အားကစားသမား ၇၉ဦးသည် နေပြည် တော် မြို့မဈေးမှ စတင်တာထွက်ပြီး သပြေကုန်းအဝိုင်းကိုပတ်၍ ဝန်ကြီး ဌာန ရုံးများလမ်းမကြီး အတိုင်း အားကစားဝန်ကြီးဌာနရုံးရှေ့မှ ပြန် လှည့်ကာ မြို့မဈေးရှေ့သို့ ပန်းဝင် ယှဉ်ပြိုင်ကြသည်။

ယင်းနောက် နံနက်၆နာရီတွင် ၂၀၀၆ခုနှစ် ဒီဇင်ဘာစတုတ္ထပတ် လူထု အားကစားလှုပ်ရှားမှု စုပေါင်းလမ်း လျှောက်ပွဲကို နေပြည်တော် မြို့မဈေး စုရပ်၊ ပြန်ကပြေးစုရပ်၊ သပြေကုန်း စုရပ်တို့မှ လူထုအားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ကြရာ မြန်မာ နိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင် ပညာရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်မျိုးမင်းနှင့် ဇနီး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ဦးဆောင်၍ ဝန်ကြီး ဌာနများမှ ဝန်ထမ်းများ၊ ဝန်ထမ်း မိသားစုဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများသည် တောင်ညို ပျဉ်းမနားလမ်းမှ သပြေကုန်း အဝိုင်းကိုပတ်၍ နေပြည်တော် မြို့မဈေး စုရပ်သို့ စုပေါင်းလမ်းလျှောက်ကြပြီး မီနီမာရသွန်ပြိုင်ပွဲ ပန်းဝင်လာသူများ အား တပျော်တပါး အားပေးကြသည်။

**ဆုချီးမြှင့်**

ယင်းနောက် ၂၀၀၆ခုနှစ် ပထမ အကြိမ် မီနီမာရသွန်ပြိုင်ပွဲ ဆုပေးပွဲကို ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ် ကော်မတီဥက္ကဋ္ဌ အားကစား ဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် က ပထမဆုရ အားကစားဝန်ကြီး ဌာနမှ သိန်းထွန်း၊ ဒုတိယဆုရ သာသနာရေးဝန်ကြီးဌာနမှ ဘိုစိုး၊ တတိယဆုရ အားကစားဝန်ကြီးဌာနမှ ရဲဇာနည်၊ စတုတ္ထဆုရ ယဉ်ကျေးမှု ဝန်ကြီးဌာနမှ ဥက္ကာထွန်း၊ ပဉ္စမဆုရ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မှ နေသ၊ ဆဋ္ဌမဆုရ ပြည်ထဲရေး ဝန်ကြီးဌာနမှ ကိုကိုအေး၊ သတ္တမဆုရ သာသနာရေးဝန်ကြီးဌာနမှ စိုးမိုးတို့ အား ဆုများ အသီးသီးချီးမြှင့်ပေးသည်။

ဆက်လက်၍ တာဝန်ရှိသူများက ပြိုင်ပွဲဝင်ဆု အဆင့် ၂၀ ထိရရှိသူများအား ငွေသားနှင့်အမှတ်တရလက်ဆောင် ပစ္စည်းများကို ချီးမြှင့်ကြပြီး အခမ်း အနားကို ရုပ်သိမ်းလိုက်သည်။

**ချီးမြှင့်မည်**

(၅၉)နှစ်မြောက် လွတ်လပ်ရေး နေ့ကို ဂုဏ်ပြုသောအားဖြင့် အားကစား ဝန်ကြီးဌာနက ကြီးမှူး၍ မာရသွန် ပြိုင်ပွဲကို အတန်းသုံးတန်းခွဲ၍ ကျင်းပ မည်ဖြစ်ကြောင်းနှင့် ဆုများကို ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးမည် ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား

**၂၄–၁၂–၂၀၀၆ရက် (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၅။ အတီးပြိုင်ပွဲ
- ၈:၁၀ ၆။ ကူးလူးဆက်သွယ် ချစ်ကြိုးနွယ်
- ၈:၂၀ ၇။ အကပြိုင်ပွဲ
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ Say it in English

**နေ့လယ်ပိုင်း**

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁:၃၅ ၄။ Yan Can Cook
- ၁၁:၅၀ ၅။ မြန်မာရုပ်ရှင် **"ချစ်ကြိုးလိမ်"** စိန်မြင့်၊ နိုင်မိုး၊ ချိုပြုံး၊ မို့မို့မြင့်အောင် (ဒါရိုက်တာ–မင်းနိုင်)
- ၁၃:၃၀ ၆။ ပြင်ဦးလွင် အမျိုးသား အထိမ်းအမှတ်ဥယျာဉ်
- ၁၃:၅၅ ၇။ တေးဂီတအစီအစဉ်
- ၁၄:၁၀ ၈။ အတီးပြိုင်ပွဲ
- ၁၄:၂၀ ၉။ **"စည်းကမ်းလိုက်နာ ဘေးကင်းမှာ"** **ကျော်ရဲအောင်၊ ချစ်သူ၊ ဇော်ဝင်းမောင်၊ မေ့စ်၊ လင်းဇာနည်ဇော်၊ ပွင့်** **[ဒါရိုက်တာ–ခင်ဇော်၊ မြင့်စိုး(ဝ/သ ရန်ကုန်) ]**
- ၁၄:၃၀ ၁၀။ ဆွာချောင်းရေလှောင်တမံ
- ၁၄:၄၅ ၁၁။ International News

**ညပိုင်း**

- ၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English for Everyday Use
- ၁၆:၄၀ ၄။ သံသာချိုအေး (၃၈)ဖြာမင်္ဂလာတေး
- ၁၆:၅၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(ရူပဗေဒအထူးပြု) [ရူပဗေဒ]
- ၁၇:၀၅ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၁၇:၂၀ ၇။ ဆိုကြမယ် ပျော်ကြမယ်
- ၁၈:၀၀ ၈။ ညနေခင်းသတင်း
- ၁၈:၃၀ ၉။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၀။ သီရိဂေဟာ
- ၁၉:၀၀ ၁၁။ Discovery
- ၁၉:၁၀ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ကြယ်ကြွေရင်ခုန်သံ"** (အပိုင်း–၆)
- ၂၀:၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **"လှပသောနေ့ရက်များ"** (အပိုင်း–၁၀)

## အကြမ်းဖက် သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသည့် မိုင်းနင်းမိ၍ အပြစ်မဲ့ပြည်သူတစ်ဦး ခြေထောက်ပြတ်ဒဏ်ရာရ

**နေပြည်တော် ဒီဇင်ဘာ ၂၃**

အကြမ်းဖက် သောင်းကျန်းသူ အဖျက်သမားများသည် နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာ ရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူ များအား သေကျေ၊ ဒဏ်ရာရ၊ အထိတ် တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ရပ်များကို နည်း မျိုးစုံအသုံးပြု ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၆ရက် နံနက်၉နာရီခန့်က ပဲခူးတိုင်း ထန်းတပင်မြို့နယ် သပြေ ညွန့်ကျေးရွာမှ ဦးစိန်ဝင်း၏ သား မောင်မြင့်ဦး အသက် (၃၀) သည် ဇင်းတိုင်ကလေးကျေးရွာအနီး တော တွင်းသို့ ဝါးခုတ်ရန် သွားရောက်စဉ် သောင်းကျန်းသူ အဖျက်သမားများ ထောင်ထားသည့် မိုင်းတစ်လုံး နင်းမိ ပေါက်ကွဲပြီး မောင်မြင့်ဦး၏ ဘယ်ဘက် ခြေထောက် ခြေချင်းဝတ်မှပြတ်၍ ဒဏ်ရာရရှိခဲ့သည်။

**ပံ့ပိုးကူညီ**

အဆိုပါ ခြေထောက်ပြတ်ဒဏ်ရာ ရရှိသည့် မောင်မြင့်ဦးအား တောင်ငူမြို့ ပြည်သူ့ဆေးရုံသို့ပို့ဆောင်၍ တာဝန်ရှိ သူများက ဆေးဝါးကုသမှုနှင့် လိုအပ် သော ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေး လျက်ရှိကြောင်းနှင့် သောင်းကျန်းသူ အဖျက်သမားများအား သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူ များက သတင်းဖော်ထုတ်ရှင်းလင်း လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




## နမ့်စန်၊ ဟားခါးနှင့် မိုးကုတ်တို့၌ ခရစ်စမတ်အကြို အအေးပို

**၂၃–၁၂–၂၀၀၆**

| | | |
|---|---|---|
| နေပြည်တော် | ၁၂ | ဒီဂရီစင်တီဂရိတ် |
| နမ့်စန် | –၁ | ။ |
| ဟားခါး | ၂ | ။ |
| မိုးကုတ် | ၃ | ။ |
| ကျိုင်းတုံ | ၅ | ။ |
| ပြင်ဦးလွင်၊ အမ်း | ၆ | ။ |
| သာယာဝတီ၊ ကသာ | ၈ | ။ |
| မြစ်ကြီးနား | ၁၁ | ။ |
| အောင်လံ | ၁၂ | ။ |
| ရန်ကုန်(ကမ္ဘာအေး) | ၁၄ | ။ |
| ပုသိမ်–မြိတ် | ၁၆ | ။ |

(မြန်မာ့အလင်း)

## (၅၉) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

☆ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး။

☆ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်း ထိန်းသိမ်းကာကွယ်ရေး။

☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်း ပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

☆ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရေး။

**ဒီဇင်ဘာ ၂၃ရက်က ရန်ကုန် တိုင်း ရန်ကင်းမြို့နယ် ကျောက် ကုန်း အမှတ် ၁၅ ကျောင်းလမ်းနေ အလှူရှင် ဒေါက်တာခင်ဇော်သိန်း– ဒေါက်တာခင်သန်းဆွေ၊ သား စိုးမိုး ဇော်မိသားစုတို့က ဧရာဝတီတိုင်း ကျုံပျော်မြို့ ပြည်သူ့ဆေးရုံကြီးတွင် ဆေးဝါးကုသမှုခံယူနေသော ချို့တဲ့ လူနာများ အတွက် ဆေးဖိုးငွေ ကျပ် ၁၂သိန်းနှင့် ဆေးပဒေသာပင် အတွက်ငွေကျပ်သိန်း၁၂၀ စုစုပေါင်း ငွေကျပ် ၁၃၂သိန်း တို့ကို မဟာ သန္တိသုခကျောင်းတော်ကြီး သံလွင် ခန်းမ၌ ပေးအပ်လှူဒါန်းရာ ကျုံပျော် မြို့ မြတ်စေတနာ ဆေးပဒေသာပင် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ တာဝန်ရှိသူများက လက်ခံယူကြ စဉ်။** (က–ပ)

## ဝင့်ကြွေးတော်ပြေ စေတီတော် ရွှေထီးတော်သစ် တင်လှူပူဇော်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၃**

ဒဂုံမြို့သစ်(မြောက်ပိုင်း) (၄၂)ရပ်ကွက် မေတ္တာချောင်းကူးရပ်ရှိ အမျက် တော်ပြေစေတီ၊ လွတ်ငြိမ်းစံစေတီ၊ ကျေးဇူးတော်ဆပ်စေတီ၊ အောင်ပြည့်ဒိဗ္ဗ ပြာသာဒ်စေတီတော်များ၏ ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဝင့်ကြွေးတော်ပြေစေတီတော်၏ ရွှေထီးတော်သစ် တင်လှူပူဇော်ပွဲကို ဒီဇင်ဘာ ၂၉ရက်မှ ၂၀၀၇ခုနှစ် ဇန်နဝါရီ ၂ရက်အထိ ကျင်းပပူဇော်မည်ဖြစ်သည်။

ရွှေထီးတော်သစ်တင်လှူပူဇော်ပွဲကို ဇန်နဝါရီ၂ရက် နံနက်၉နာရီတွင် သာသနာ့ရောင်ခြည် ထီးတော်တင်အဖွဲ့က တင်လှူမည်ဖြစ်ရာ နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများ ကြွရောက်၍ ဘုရားအနေကဇာတင်ခြင်း၊ ရေစက်သွန်းချ အမျှပေးဝေခြင်းများပြုလုပ်ကာ ညစဉ် ခြင်းအဖွဲ့များ၊ ပျော်ပွဲ ရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

**ပူဇော်နိုင်**

အဆိုပါ စေတီတော်များအား ရန်အောင်မြင်ကျောင်းတိုက် ဒီပါရာမ သာသနာပြုဆရာတော် ဘဒ္ဒန္တသိရီပါလက တည်ထားပူဇော်ထားခြင်းဖြစ်ရာ ဗုဒ္ဓပူဇနိယပွဲနှင့် ရွှေထီးတော်သစ်တင်လှူပူဇော်ပွဲသို့ ရပ်ဝေးရပ်နီးရှိ တပည့် ဒါယကာ၊ ဒါယိကာမများအား တက်ရောက်ပူဇော်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၃**

မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်း ကုန်သည်များနှင့် လုပ်ငန်းရှင်များ အသင်း၏ ပဉ္စမအကြိမ် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးကို ယနေ့ မွန်းလွဲ၁နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ Oriental House (1) ၌ ကျင်းပရာ ရှေးဦးစွာ သဘာပတိ မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်း ကုန်သည်များ နှင့် လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးက အဖွင့် အမှာစကားပြောကြားသည်။

**ဖတ်ကြားအတည်ပြု**

ထို့နောက် အသင်းအတွင်းရေးမှူး ဒေါက်တာစောလှထွန်းက အလုပ်အမှု ဆောင်အဖွဲ့၏ နှစ်ပတ်လည် အစီရင် ခံစာနှင့် နှစ်ချုပ်ငွေစာရင်းရှင်းတမ်းကို ဖတ်ကြား အတည်ပြုချက် ရယူသည်။ ဆက်လက်၍ အမျိုးသားညီလာခံကို ဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံ ဆေး နှင့် ဆေးပစ္စည်း ကုန်သည်များနှင့် လုပ်ငန်းရှင်များ၊ ဆေးနှင့်ဆေးပစ္စည်း လှူဒါန်းသော အသင်းဝင် ဆေးကုမ္ပဏီ ခုနစ်ခုတို့အား အမျိုးသားညီလာခံ ကိုယ်စားလှယ် အသင်းအတွင်းရေးမှူး ဒေါက်တာစောလှထွန်းက ဂုဏ်ပြု မှတ်တမ်းလွှာများ ပေးအပ်သည်။

ထို့နောက် အသင်းဒုတိယဥက္ကဋ္ဌ ဦးညွန့်တင်က နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိ သည်။ **(သတင်းစဉ်)**

## ပါတီအပေါ် စိတ်ဝင်စားမှုမရှိ မုံရွာမြို့နယ်နှင့် အရာတော်မြို့နယ်တို့မှ NLD ပါတီဝင်နှစ်ဦးနုတ်ထွက်

ရန်ကုန် ဒီဇင်ဘာ ၂၃

**စစ်ကိုင်းတိုင်း မုံရွာမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် တစ်ဦးဖြစ်သူ ရတနာပုံရပ်ကွက်မှ မရီရီဝင်း(ခ)မယဉ်ယဉ်ဝင်းသည် နိုဝင်ဘာ၇ရက်တွင်လည်းကောင်း၊ အရာတော်မြို့နယ် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်မှ ပါတီဝင်တစ်ဦးဖြစ်သူ နွားမသင်းကျေးရွာမှ ဦးဆွေသည် နိုဝင်ဘာ၁၈ရက်တွင်လည်းကောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ကြောင်း ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်လွှာများကို လက်မှတ်ရေးထိုးကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်သို့ လည်းကောင်း၊ သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများသို့ လည်း ကောင်း နုတ်ထွက်လွှာများ ပေးပို့နုတ်ထွက်ခဲ့ကြသည်။**

**စစ်ကိုင်းတိုင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်အဖွဲ့ခွဲသို့ပေးပို့သော ၎င်းတို့၏နုတ်ထွက်လွှာများတွင် မိမိတို့သည် နိုင်ငံတော်အစိုးရနှင့်လက်တွဲ၍ နိုင်ငံအကျိုး၊ ရပ်ရွာအကျိုးကိုသာ ဆက်လက် သယ်ပိုး လုပ်ကိုင်ဆောင်ရွက်လိုပြီး NLD ပါတီအပေါ် စိတ်ဝင်စားမှုမရှိ၊ ယုံကြည်အားထားမှုမရှိတော့သဖြင့် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD)မှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။**

(သတင်းစဉ်)

# ဆည်ရေကို စနစ်တကျယူငင် သုံးစွဲနိုင်မှုကြောင့် နွေစပါးစိုက်ပျိုးမှု အောင်မြင်စွာဆောင်ရွက်နိုင်

● *ကျော်ဖုံးမှ*

လုပ်နိုင်ရန်အတွက် ဆည်မြောင်းစီမံကိန်းကြီးများ၊ စီမံကိန်းငယ်များကို ဒေသဖွံ့ဖြိုးရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဧရာဝတီတိုင်း မြန်အောင်မြို့နယ်အတွင်းရှိ မမြရေလှောင်တမံစီမံကိန်းမှာ တစ်ခုအပါအဝင်ဖြစ်သည်။

## အကောင်အထည်ဖော်

ဆည်မြောင်းဦးစီးဌာနမှ အင်ဂျင်နီယာ ဘူမိဗေဒဆိုင်ရာ စူးစမ်းလေ့လာခြင်းနှင့်မြေပြင်တိုင်းတာခြင်းလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ပြီး ရေစီးရေလာတိုင်းတာမှုလုပ်ငန်းကို ၁၉၈၃ခုနှစ်မှ စတင်၍ ရေမှတ်တိုင်စိုက်ထူပြီး လေ့လာမှုများပြုလုပ်ပြီးနောက် မမြချောင်းပေါ်တွင် ရေလှောင်တမံတည်ဆောက်ရန် မမြရေလှောင်တမံစီမံကိန်းကို အထူးစီမံကိန်း အကောင်အထည်ဖော်ရေးအဖွဲ့၏ ၂၃-၇-၂၀၀၂ရက်တွင် ကျင်းပသည့် အမှတ်စဉ်(၂/၂၀၀၂)ကြိမ်မြောက် အစည်းအဝေးမှ အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် ခွင့်ပြုချက်အရ ၂၀၀၁/၂၀၀၂ခုနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်သည်။

မမြရေလှောင်တမံစီမံကိန်းကို မမြရေလှောင်တမံတည်ဆောက်ပြီး ဆည်ရေဧက ၇၀၀၀၀ သိုလှောင်ရန်၊ မြန်အောင်မြို့နယ်အတွင်းရှိ လယ်မြေဧက ၁၀၀၀၀ကို ရေပေးသွင်းစိုက်ပျိုးနိုင်ရန်အပြင် မမြချောင်း ဝဲ/ယာရှိ လယ်မြေများ ရေကြီးနစ်မြုပ်ခြင်းမှကာကွယ်ရန် ရည်ရွယ်ချက်ထားရှိ ဆောင်ရွက်ခြင်းဖြစ်သည်။

## ရေပေးနိုင်

မမြရေလှောင်တမံစီမံကိန်းမှာ ဧရာဝတီတိုင်း မြန်အောင်မြို့နယ်အတွင်း ပုသိမ်-မုံရွာ ကားလမ်းမကြီးဘေး မျှင်ဝါးတောင်ကျေးရွာ၏ အနောက်မြောက်ဘက် တစ်မိုင်ခန့်အကွာတွင် တည်ရှိသည်။ တမံအမြင့်မှာ ပေ၁၅၀၊ တမံအလျား ပေ ၁၁၈၀၀ဖြင့် တည်ဆောက်သော မြေသားတမံ ဖြစ်သည်။ မမြရေလှောင်တမံတွင် ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ၇၀၀၀၀သိုလှောင်ပြီး စိုက်ပျိုးရေအတွက် ဧရိယာဧက ၁၀၀၀၀ကို ရေပေးမည်ဖြစ်သည်။

## နွေစပါး

မမြရေလှောင်တမံ၏ နှစ်စဉ်ပျမ်းမျှစီးဝင်ရေမှာ ဧကပေ၁၂၉၀၀၀ ရှိသည့် ရေဝင်အားကောင်းသော ရေလှောင်တမံဖြစ်ပြီး ရေလှောင်တမံ တည်ဆောက်မှု မပြီးစီးသော်လည်း ရေလှောင်တမံအတွင်း ဧကပေ၁၃၀၀၀ ရေသိုလှောင်ထားရှိပြီဖြစ်သည်။ ထို့ကြောင့် သိုလှောင်ထားရှိသော ရေများကို အကျိုးရှိစွာအသုံးပြုနိုင်ရန်အတွက် နွေစပါးစိုက်ပျိုးရေများ ထုတ်ပေးခဲ့သည်။

မမြရေလှောင်တမံစီမံကိန်းတွင် တမံတည်ဆောက်မပြီးစီးမီပင် တမံ အတွင်း ရေစုဆောင်းထားရှိသော ရေကို နွေစပါးစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေပေးခဲ့သည်။ ယမန်နှစ်က နွေစပါးစိုက်ပျိုးရန် ဧက၃၀၀ကို ရေပေးဝေနိုင်ခဲ့ပြီး ယခုနှစ်တွင် ဧက ၂၀၀၀ကို စိုက်ပျိုးရေပေးဝေနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

## ဆည်အစုအဖွဲ့

ဧရာဝတီတိုင်း ဧရာဝတီမြစ်၏ အနောက်ဘက်ခြမ်းတွင် ဆည်များ အစုအဖွဲ့လိုက် တည်ဆောက်လျက်ရှိရာ တည်ဆောက်ပြီးစီးသော ဆည်ငါးခု၊ တည်ဆောက်ဆဲဆည် လေးခု၊ တည်ဆောက်ရန်စီမံချက်များ ရေးဆွဲထားရှိသော တည်ဆောက်မည့်ဆည် ခုနစ်ခုရှိသည်။ တည်ဆောက်ပြီးစီးသော ဆည်ပေါင်းငါးခုရှိရာ ၎င်းတို့မှာ ပဲခူးတိုင်း ပန်းတောင်းမြို့နယ်မှ ညောင်ကိုင်းရေလှောင်တမံ၊ ပန်းတောင်းမြို့နယ်မှ ကျိုးပင်ရေလှောင်တမံ၊ တောင်မောက်ရေလှောင်တမံ၊ ခဝါရေလှောင်တမံနှင့် ဟင်္သာတမြို့နယ် အင်္ဂပူမြို့နယ် နန်ကသူရေလှောင်တမံတို့သည် ဆည်ရေသောက် ဧက၂၉၀၀၀သို့ ရေများပေးလျက်ရှိသည်။

ဧရာဝတီတိုင်း ဟင်္သာတခရိုင်တွင် တည်ဆောက်ပြီး နန်ကသူဆည်မှာ ၁၉-၆-၁၉၉၇ရက်တွင် ဖွင့်လှစ်ခဲ့ပြီးနောက် ၂၀၀၀-၂၀၀၁မှစတင်၍ နွေစပါးများ စိုက်ပျိုးနိုင်ရန် ရေများဖြန့်ဖြူးပေးခဲ့သည်။ ၂၀၀၀-၂၀၀၁ ခုနှစ်တွင် နွေစပါးဧက ၁၀၀၀၊ ၂၀၀၁-၂၀၀၂တွင် ၂၈၁၅ဧက၊ ၂၀၀၂-၂၀၀၃တွင် ၄၂၁၆ဧက၊ ၂၀၀၃-၂၀၀၄တွင် ဧက၅၂၀၀၊ ၂၀၀၄-၂၀၀၅တွင် ဧက ၅၂၀၀၊ ၂၀၀၅-၂၀၀၆တွင် ဧက ၆၀၀၀စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၀၆-၂၀၀၇ အတွက် နွေစပါးဧက၆၀၀၀စိုက်ပျိုးနိုင်ရန် လျာထားဆောင်ရွက်လျက်ရှိသည်။

ဧရာဝတီတိုင်းတွင် နွေစပါးစိုက်ပျိုးရန် ဧက၁၆သိန်း လျာထားဆောင်ရွက်လျက်ရှိပြီး ကွန်ချောင်းရေလှောင်တမံတွင် နွေစပါးဧက ၁၅၀၀၀၊ မမြရေလှောင်တမံမှ နွေစပါး၂၀၀၀၊ နန်ကသူရေလှောင်တမံမှ ဧက၆၀၀၀စသည်ဖြင့် နွေစပါးဧက ၂၃၀၀၀ စိုက်ပျိုးရန် ဆောင်ရွက်လျက်ရှိသည်။ ဆည်ရေသောက် စပါးစိုက်ပျိုးရာတွင် ဟင်္သာတခရိုင်တွင် ဆည်ရေသောက်စနစ် စိုက်ပျိုးမှု အလေ့အကျင့်မရှိသောကြောင့် ဆည်ရေကို စနစ်တကျယူ၍ စိုက်ပျိုးလျှင် ပိုမိုထိရောက်စွာ စိုက်ပျိုးနိုင်ကြောင်းကို စိုက်ပျိုးရေး ကြီးကြပ်ကော်မတီက ဦးဆောင်၍ တည်ဆောက်ရေးအဖွဲ့၊ ထိန်းသိမ်းရေးအဖွဲ့၊ ဒေသခံစိုက်ပျိုးရေးအဖွဲ့များ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နွေစပါးစိုက်ပျိုးမှုအောင်မြင်အောင် ဆောင်ရွက်လျက်ရှိသည်။

မြန်မာ့အလင်း သတင်းအဖွဲ့သည် ဧရာဝတီတိုင်း နွေစပါးစိုက်ပျိုးမှု အောင်မြင်စွာ စိုက်ပျိုးရေးဆောင်ရွက်နေခြင်းနှင့်ပတ်သက်၍ သိရှိရန် မမြရေလှောင်တမံစီမံကိန်းသို့ ဒီဇင်ဘာ၇ရက်တွင် သွားရောက် လေ့လာရာတွင် မမြရေလှောင်တမံ ဦးစီးအရာရှိ ဦးအောင်ဗိုလ်(တမံ)၊ ဦးစီးအရာရှိ ဦးကိုကိုနိုင်(ရေပိုလွှဲ)၊ ဦးစီးအရာရှိ ဦးထွန်းသိန်း(စက်မှု)တို့နှင့် တွေ့ဆုံမေးမြန်းကြသည်။

**"ယခင်က နွေစပါး မစိုက်နိုင်ကြပါဘူး၊ နွေစပါးစိုက်ရန် ရေမရှိလို့ မစိုက်နိုင်ကြတာပါ၊ ရေရမယ်ဆိုရင် အားလုံး စိုက်ကြမှာ ဖြစ်ပါတယ်။ ယခုလို ဆည်တည်ဆောက်ပေးတဲ့အတွက် နိုင်ငံတော်ကို အထူးကျေးဇူးတင်ပါတယ်။ စပါးအပြင် သီးထပ်သီးညှပ်စိုက်ရန်လဲ စီစဉ်ထားပါတယ်"**

တောင်သူကြီး ဦးရောင်နီ
ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး
(မြန်မာ့အလင်း)



တမံလုပ်ငန်းတွင် မြေကြီးလုပ်ငန်း ၈၂ ရာခိုင်နှုန်း၊ ကျောက်စီခြင်းလုပ်ငန်း ၅၉ ရာခိုင်နှုန်းပြီး၍ ရေထုတ်ပြွန်လုပ်ငန်းတွင် ကွန်ကရစ်လုပ်ငန်း ၉၃ ရာခိုင်နှုန်း၊ ရေပိုလွှဲလုပ်ငန်းတွင် မြေကြီးလုပ်ငန်း ၇၅ရာခိုင်နှုန်း၊ ကွန်ကရစ်လုပ်ငန်း ၅၀ရာခိုင်နှုန်း၊ ကျောက်စီခြင်းလုပ်ငန်း ၉၃ရာခိုင်နှုန်း၊ ဆည်ရေသောက်စနစ် လုပ်ငန်းတွင် မြေကြီး လုပ်ငန်း ၁၅ရာခိုင်နှုန်း၊ တူးမြောင်း အဆောက်အအုံလုပ်ငန်း ၂၀ ရာခိုင်နှုန်း ပြီးစီး၍ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

## အင်တိုက်အားတိုက်

ဆည်တည်ဆောက်ခြင်းလုပ်ငန်းတွင် စက်မှုလက်မှုလုပ်ငန်းမှ စက်ယန္တရားကြီးများကို အားပြုဆောင်ရွက်ရသည်ဖြစ်သောကြောင့် မမြရေလှောင်တမံတွင် အရာထမ်း၊ အမှုထမ်းလုပ်သား အင်အား ၁၀၀ကျော်ဖြင့် အင်တိုက်အားတိုက် ဆောင်ရွက်ပေးကြရပြီး စက်ယန္တရားကြီးများ အချိန်ပြည့်အသုံးပြုနိုင်ရန် ပြုပြင်ပြင်ဆင်ခြင်းလုပ်ငန်းများကို မမြရေလှောင်တမံ လုပ်ငန်းခွင်၌ စက်ယန္တရားများ၏ ကြံ့ခိုင်ရေးကို အထူးဂရုစိုက် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။

မြန်မာ့အလင်းအဖွဲ့သည် ဒီဇင်ဘာ၈ရက်တွင် မမြရေလှောင်တမံ အနီးဒေသမှ တောင်သူများအား တွေ့ဆုံမေးမြန်းခွင့်ရခဲ့သည်။ ရှေးဦးစွာ မျှင်ဝါးတောင်ကျေးရွာမှ တောင်သူတစ်ဦးအား တွေ့ဆုံမေးမြန်းပါသည်။

**မေး။** ။ နာမည်ဘယ်လိုခေါ်ပါသလဲ၊ အလုပ်က ဘာလုပ်ပါသလဲ။

**ဖြေ။** ။ ဦးရောင်နီဖြစ်ပါတယ်၊ လယ်ယာလုပ်ပါတယ်၊ စပါး စိုက်ပါတယ်။

**မမြရေလှောင်တမံစီမံကိန်း အချိန်မီပြီးစီးရန်အတွက် စက်ယန္တရားများဖြင့် မြေကြိတ်ခြင်း၊ မြေညှိခြင်းလုပ်ငန်းများဆောင်ရွက်နေကြစဉ်။**
ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး (မြန်မာ့အလင်း)



**"ဒီဆည်ကြီး တည်ဆောက်ပေးတဲ့ နိုင်ငံတော်အစိုးရကို ကျေးဇူးတင်တယ်လို့ ပြောလိုပါတယ်။ ကျွန်တော်တို့ကို ဆည်ကြီးက အကျိုးပေးလာပါပြီ၊ သောက်ရေသုံးရေသာမက စိုက်ပျိုးရေပါ ရတဲ့အတွက် အင်မတန် ကျေးဇူးတင်ပါတယ်"**

တောင်သူကြီး ဦးလှိုင်မြင့်
ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး
(မြန်မာ့အလင်း)



**မေး။** ။ ဘယ်ရွာမှာ နေပါသလဲ။

**ဖြေ။** ။ မြန်အောင်မြို့နယ် မျှင်ဝါးတောင်ကျေးရွာအုပ်စုမှာ နေပါတယ်။

**မေး။** ။ စပါး ဘယ်လောက်စိုက်ပါသလဲ။

**ဖြေ။** ။ လေးဧကစိုက်ပါတယ်။

**မေး။** ။ စပါးမှာ နွေစပါး၊ မိုးစပါးရှိပါတယ်၊ ဘာစိုက်သလဲ။

**ဖြေ။** ။ နွေရောမိုးရောစိုက်ပါတယ်၊ ကျွန်တော့်လယ်ကွက်ကို ရေမမီလို့ မလုပ်နိုင်သောသူများလယ်ကွက်မှာ နွေစပါး သုံးဧကစိုက်ပါတယ်၊ လာမည့်နှစ်တွင် ရေရလျှင် လေးဧက နွေစပါးစိုက်ရန် အစီအစဉ်ရှိပါတယ်။

**မေး။** ။ ဒီဒေသတွေမှာ အရင်တုန်းက နွေစပါး စိုက်ကြပါသလား။

**ဖြေ။** ။ နွေစပါး မစိုက်နိုင်ကြပါဘူး၊ နွေစပါးစိုက်ရန် ရေမရှိလို့ မစိုက်နိုင်ကြပါ၊ ရေရမယ်ဆိုရင် အားလုံးစိုက်ကြမှာ ဖြစ်ပါတယ်။

**မေး။** ။ နွေစပါး စိုက်တာနှင့် မိုးစပါးစိုက်တာ ဘယ်ဟာကို စိတ်ဝင်စားပါသလဲ။

**ဖြေ။** ။ အတွေ့အကြုံ မရှိသေးတော့ မိုးစပါးကိုကြိုက်ကြပါတယ်၊ နွေစပါးစိုက်တာကတော့ ဆည်ရေရတာကြောင့် စိုက်နိုင်ကြတာပါ။

**မေး။** ။ စပါးနှင့်တွဲဖက်ပြီး အခြားသီးနှံကို စိုက်ကြသေးလား။

**ဖြေ။** ။ နွေစပါးအပြင် မတ်ပဲတို့ စိုက်ပါတယ်၊ ရေမရတဲ့ နေရာတွေမှာ မတ်ပဲစိုက်ကြပါတယ်၊ ရေရနိုင်တဲ့ နေရာမှာ နွေစပါးစိုက်ရန် ပြင်ဆင်ထားပါတယ်၊ စပါးအပြင် သီးထပ်သီးညှပ်စိုက်ရန်လဲ စီစဉ်ထားပါတယ်။ နွေစပါးစိုက်ရန် မျိုးကောင်းရရန်လိုပါတယ်။ မျိုးစပါး ပေးမယ်လို့လဲပြောပါတယ်၊ ယခုလို ဆည်တည်ဆောက်ပေးတဲ့အတွက် နိုင်ငံတော်ကို အထူးကျေးဇူးတင်ပါတယ်၊ မလုပ်ဖူးတဲ့နေရာတွေပါ လုပ်ရတယ်၊ မသွားဖူးတဲ့လမ်းတွေ သွားရတယ်၊ မမြင်ဖူးတဲ့ဟာတွေ မြင်ကြရတယ်။

ဆက်လက်၍ မျှင်ဝါးတောင် ကျေးရွာမှ တောင်သူဦးလှိုင်မြင့်အား တွေ့ဆုံမေးမြန်းနိုင်ခဲ့ပါသည်။

**မေး။** ။ ဦးကြီးနာမည်ဘယ်လိုခေါ်ပါသလဲ။

**ဖြေ။** ။ ဦးလှိုင်မြင့်ဖြစ်ပါတယ်။ အလုပ်အကိုင်ကလယ်ယာစိုက်ပါတယ်။

**မေး။** ။ စပါးဘယ်နှဧကစိုက်ပါသလဲ။

**ဖြေ။** ။ ကျွန်တော့်မှာ လယ်ဧက ၃ဒသမ၃၄ ဧကရှိပါတယ်။ နွေစပါးစိုက်ပါတယ်။ ဒီနှစ်မှာလဲ လယ်ဧက ၃ဒသမ ၃၄ဧကမှာ နွေစပါးစိုက်ရန် ရည်ရွယ်ချက်ထားပါတယ်။ ရွှေမြန်မာမျိုး စိုက်မှာဖြစ်ပါတယ်။

**မေး။** ။ နွေစပါးစိုက်တာနှင့် မိုးစပါးစိုက်ရတာ ဘယ်စပါးကို ပိုနှစ်သက်ပါသလဲ။

**ဖြေ။** ။ ကျွန်တော့်အနေနဲ့ အောက်ပိုင်းဒေသမှာ နွေစပါးဖြစ်ထွန်းမှုကို တွေ့ရှိပါတယ်။ မိုးစပါးတစ်ဧက ၅၀လောက်ထွက်ပြီး နွေစပါးကတော့ တစ်ဧကလျှင် အနည်းဆုံး ဧက၇၀လောက် ထွက်ပါတယ်။ နွေစပါးကို အားသန်နေပါတယ်။ ဒါကြောင့် ရှိတဲ့လယ်ဧကလေးကို နွေစပါးစိုက်မှာဖြစ်ပါတယ်။

**မေး။** ။ ဧရာဝတီတိုင်း ဒီဒေသမှာ အရင်တုန်းကနွေစပါးစိုက်တာရှိပါသလား။

**ဖြေ။** ။ အရင်တုန်းက တချို့သောရွာများမှာ မမြချောင်းက ရေနှင့်စိုက်တာရှိပါတယ်။

**မေး။** ။ တောင်သူတွေစိုက်နိုင်အောင် ဆည်တွေဆောက်၊ ရေတွေပေးတာကို ဘယ်လိုခံစားရပါသလဲ။

**ဖြေ။** ။ ဆည်ဆောက်ပေးတာ အင်မတန်ကျေးဇူးတင်ပါတယ်။ ဟိုတုန်းက ကျွန်တော်တို့ဒေသမှာ စပါးရိတ်ပြီးတာနှင့် ဘာမျှမလုပ်နိုင်ကြပါ။ မိုးဆိုဒူး၊ နွေဆိုဆူးဆိုတဲ့အတိုင်း ရှိနေပါတယ်။ အခုဆိုရင် ဆည်က ရတဲ့ရေလေးနဲ့ စိုက်ပျိုးလို့ဖြစ်နိုင်ပါတယ်။ နောက်တစ်ချက်က ကျွန်တော်တို့အသက်ကို ဒီဆည်ကြီးက ကယ်လိုက်သလို မာလာမုန်တိုင်းကြီးရဲ့ ဖြစ်ပျက်သွားတဲ့ပြဿနာတွေကို ကြည့်လိုက်ရင် ဆည်မရှိတဲ့ ဒေသတွေမှာ အခက်အခဲဖြစ်ပြီး အသက်အိုးအိမ် စည်းစိမ်ပျက်စီးခဲ့တာတွေ တွေ့ရပါတယ်။ မြန်အောင်မြို့နယ် ကျွန်တော်တို့ဒေသမှာ ဒီဆည်ကြီးရဲ့ကောင်းမှုကြောင့် မာလာမုန်တိုင်းဖြစ်လာတဲ့အခါမှာ ဆည်ကြီးကကြံ့ကြံ့ခံပေးထားတော့ စိတ်ချမ်းချမ်းသာသာနှင့် နေနိုင်စားနိုင်တဲ့ဘဝလေး ဖြစ်ရပါတယ်။ ဒီဆည်ကြီး ဆောက်ပေးတဲ့နိုင်ငံတော်အစိုးရကို ကျေးဇူးတင်တယ်လို့ ပြောလိုပါတယ်။ ကျွန်တော်တို့ကို ဒီဆည်ကြီးက အကျိုးပေးလာပါပြီ၊ စပါး၊ ပဲအမျိုးမျိုးစိုက်နိုင်ပါပြီ၊ ဆည်ရေသောက်ဒေသမှာ မြေလွတ်မရှိပါဘူး။ ဒီဆည်ကြီးက သောက်ရေသုံးရေသာမက စိုက်ပျိုးရေပါရတဲ့အတွက် ဆည်ကြီးကို နေ့တိုင်း ဗုဒ္ဓဂုဏော အနန္တော၊ ဓမ္မဂုဏော အနန္တော၊ သံဃဂုဏော အနန္တော၊ မာတာပိတုဂုဏော အနန္တော၊ အာစရိယဂုဏော အနန္တောလို့ဆိုတဲ့ ဂုဏ်တော်ငါးပါးမှာ တစ်ဂုဏော တိုးပြီး ခြောက်ဂုဏော ကျေးဇူးတင်နေရပါပြီဟု ပြောကြားသည်။

ဖော်ပြခဲ့သည့်အတိုင်း ဧရာဝတီတိုင်း နန်ကသူဆည်၊ ကွန်ချောင်းဆည်၊ မမြဆည်ဒေသတို့တွင် နွေစပါးစိုက်ပျိုးနိုင်ရန် သက်ဆိုင်ရာတို့ကကြိုးပမ်းဆောင်ရွက်ပေးသည့်အတွက် မိုးစပါး၊ နွေစပါးများပြည့်ဝအောင်မြင်စွာ စိုက်ပျိုးနိုင်ခြင်းဖြင့် တောင်သူလယ်သမားများအတွက် ဝင်ငွေတိုးတက်လာသည့်အပြင် နိုင်ငံတော်အတွက်လည်း ဆည်တမံကြီးများ တည်ဆောက်ပေးခြင်းကြောင့် အကျိုးဖြစ်ထွန်းလျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။ ။ **(မြန်မာ့အလင်း)**

# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဩဝါဒခံယူပွဲ ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင် သာသနာရေးဆိုင်ရာများလျှောက်ထား

**ရန်ကုန် ဒီဇင်ဘာ ၂၃**

နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ ဆရာတော်ကြီးများနှင့် သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ ဆရာတော်ကြီးများထံမှ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) နာယကချုပ် ဆရာတော်အမှူးပြုသော သင်ကြားစီမံဆရာတော်များ၊ စာသင် သံဃာတော်များ၏ ဩဝါဒခံယူပွဲ အခမ်းအနားကို ယမန်နေ့ ညနေ၃နာရီက ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်) ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ညောင်တုန်းဆရာတော် ဘဒ္ဒန္တဩဘာသာဘိဝံသ၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် အုပ်ချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သရက်ဆရာတော် အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကေသရ၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်) နာယကချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝဏ္ဏိတ အမှူးပြုသော သင်ကြားစီမံဆရာတော်များ၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်) မဟာတန်း ကျမ်းပြုရဟန်းတော်များအပါအဝင် စာသင်သံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာမြင့်ကြည်၊ သာသနာရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနနှင့် တက္ကသိုလ်များမှ တာဝန်ရှိသူများ၊ သာသနာ့တက္ကသိုလ် ဆရာကြီးများ တက်ရောက်ကြသည်။

**လျှောက်ထား**

ဩဝါဒခံယူပွဲအခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော်နှင့် သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဆရာတော်တို့က ဩဝါဒကထာ မြွက်ကြားတော်မူကြပြီး ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာ့တက္ကသိုလ်များ၏ ရည်မှန်းချက်များ အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေနှင့် တက္ကသိုလ်ဆိုင်ရာ ဆောင်ရွက်မှုလုပ်ငန်းများကို လျှောက်ထားသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့ဝင်များက ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော်က နိဂုံးချုပ် ဩဝါဒကထာ မြွက်ကြားတော်မူကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရန်ကုန်တက္ကသိုလ်မြန်မာစာဌာန အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၃**

ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန၏ (၆)ကြိမ်မြောက်အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၄ ရက်မွန်းလွဲ ၁ နာရီတွင် တက္ကသိုလ်များ ဓမ္မာရုံ၌ ကျင်းပမည် ဖြစ်သည်။

အာစရိယပူဇော်ပွဲတွင် ဓာတ်ပုံပြပွဲ၊ နံရံကပ်စာစောင်များ ခင်းကျင်း ပြသမည်ဖြစ်ပြီး အသေးစိတ်သိလိုပါက ပါမောက္ခဌာနမှူး ဒေါ်ခင်ဆွေမြင့် ဖုန်း-၅၃၆၀၇၂ နှင့် ၅၀၄၀၁၀၊ တွဲဖက်ပါမောက္ခ ဦးမျိုးသန့် ဖုန်း-၅၃၅၇၉၈၊ ဒေါ်သက်သက်ဆွေ ဖုန်း-၅၇၇၁၂၆၊ ဦးတင်အောင် ဖုန်း-၂၅၆၉၀၈၊ တော်ဝင်နှင်းဆီ ဦးစိုးညွန့် ဖုန်း-၅၄၂၇၁၉နှင့် ၅၄၂၇၂၀၊ ဦးအောင်စိုးဦး ဖုန်း-၂၄၃၃၆၃နှင့် ၇၀၅၈၇၇တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်းနှင့် မြန်မာစာဆရာ ဆရာမများ၊ မြန်မာစာ ကျောင်းသား ကျောင်းသူများအားလုံး တက်ရောက်ကြပါရန် တိုက်တွန်းနှိုးဆော်ထားကြောင်း သိရသည်။ **(သတင်းစဉ်)**



**မြောက်ဥက္ကလာပမြို့နယ် မဇ္ဈျကျောင်း ရန်အောင်ကျောင်းတိုက် သုံးထပ်ကျောင်းဆောင်သစ်ဆောက်လုပ်ရန်အတွက် ခေတ္တ အမေရိကန်နိုင်ငံမှ ဦးအေးသန်း-ဒေါ်ဝင်းဝင်းမိသားစုက အလှူငွေကျပ် ၁၀သိန်း ဆက်ကပ်လှူဒါန်းရာ မဇ္ဈျကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသုနန္ဒက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။** (က-ပ)

# အမျိုးသမီးဟော်ကီဖွံ့ဖြိုးရေးဆပ်ကော်မတီသို့ ဟော်ကီအားကစားပစ္စည်းများပေးအပ်လှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၂၃**

မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် အမျိုးသမီးဟော်ကီဖွံ့ဖြိုးရေးဆပ်ကော်မတီသို့ ဟော်ကီမြက်ခင်းတုကုမ္ပဏီ (Polytan Germany)၏ ကိုယ်စားလှယ် Modern Builders International Co. Bangladesh မှ မန်နေဂျင်းဒါရိုက်တာ Mr. Khurshid Alamနှင့် ဒါရိုက်တာ Mr. Ahmed Hashim Munee တို့က ငွေကျပ်သုံးသိန်းတန်ဖိုးရှိ Hockey Sticks နှင့် ဘောလုံးများ ပေးအပ်လှူဒါန်းပွဲကို ဒီဇင်ဘာ ၂၁ရက် ညနေ ၄ နာရီက ရန်ကုန်မြို့ သိမ်ဖြူ ဟော်ကီအားကစားကွင်း(သိမ်ဖြူ)၌ ကျင်းပရာ မြန်မာနိုင်ငံဟော်ကီ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်နိုင်၊ အမျိုးသမီးဟော်ကီ အားကစားဖွံ့ဖြိုးရေး ဆပ်ကော်မတီဥက္ကဋ္ဌ အကယ်ဒမီ ဒေါ်ဆွေဇင်ထိုက်နှင့် အမှုဆောင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

**လုပ်ငန်းစဉ်**

ရှေးဦးစွာ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် ဥက္ကဋ္ဌကိုယ်စား ဒုတိယဥက္ကဋ္ဌ ဦးကျော်နိုင်က မြန်မာဟော်ကီ အားကစား တိုးတက်ဖွံ့ဖြိုးလာရေး အတွက် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်း ပြောကြားသည်။

**လက်ခံ**

ဆက်လက်၍ ဟော်ကီအားကစားပစ္စည်းများဖြစ်ကြသော Hockey Sticksများနှင့် ဟော်ကီဘောလုံးများကို ဟော်ကီမြက်ခင်းတု ကုမ္ပဏီ (Polytan Germany)ကိုယ်စားလှယ် Modern Builders International Co. Bangladesh မှ မန်နေဂျင်းဒါရိုက်တာ Mr. Khurshid Alam က ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် အမျိုးသမီး ဟော်ကီ အားကစား ဖွံ့ဖြိုးရေးဆပ်ကော်မတီဥက္ကဋ္ဌ အကယ်ဒမီဒေါ်ဆွေဇင်ထိုက်နှင့် ဒုတိယဥက္ကဋ္ဌဒေါ်လှမြင့်တို့က လက်ခံကြသည်။

**စုစည်းထား**

မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် အနေဖြင့်အမျိုးသမီးဟော်ကီအားကစား ပြိုင်ပွဲများကို လာမည့် ရာသီတွင် သိမ်ဖြူ ဟော်ကီ အားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ရာ ကလပ်အမျိုးသမီးဟော်ကီ အသင်းသုံးသင်းနှင့် ကျောင်းသူများပါဝင်သော ဟော်ကီအသင်းလေးသင်းတို့ကို စုစည်းထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## တိုက်ကြီးမြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေးမည်

**ရန်ကုန် ဒီဇင်ဘာ ၂၃**

တိုက်ကြီးမြို့နယ်အသင်း(ရန်ကုန်)၏ (၂၉)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ၂၀၀၇ခုနှစ် ဇန်နဝါရီ ၂၈ရက်(တနင်္ဂနွေနေ့)နံနက်၉နာရီတွင် စမ်းချောင်းမြို့နယ် ဗဟိုလမ်း အသင်းဓမ္မာရုံ၌ကျင်းပမည်ဖြစ်ပြီး နှစ်ပတ်လည် အစည်းအဝေးတွင် သက်ကြီးပူဇော်ပွဲ၊ တိုက်ကြီးမြို့နယ်အတွင်းမှ ဘွဲ့ထူး၊ ဂုဏ်ထူးရပုဂ္ဂိုလ်များနှင့် ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ဘာသာရပ်အလိုက်ဂုဏ်ထူးရကျောင်းသူကျောင်းသားများအား ဂုဏ်ပြု ချီးမြှင့်ရန်စီစဉ်ထားသည်။ ဇန်နဝါရီ ၁၀ရက် နောက်ဆုံးထား၍ ဦးသိန်းအောင် ဥက္ကဋ္ဌ ဖုန်း-၅၂၆၁၆၄၊ ဦးတင့်ငွေ ဒုတိယဥက္ကဋ္ဌ ဖုန်း-၂၂၁၇၄၅၊ ဦးထွန်းအောင် ဒုတိယဥက္ကဋ္ဌ ဖုန်း-၅၃၅၀၂၉တို့သို့ ဆက်သွယ်အကြောင်းကြားပါရန်နှင့် အသင်းသူအသင်းသားများ အစည်းအဝေး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ နှစ်ပတ်လည်အစည်းအဝေးသို့ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။ **(က-ပ)**



**မန်နေဂျင်းဒါရိုက်တာ Mr. Khurshid Alamက Hockey Sticksများနှင့် ဘောလုံးများကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် အမျိုးသမီးဟော်ကီ အားကစားဖွံ့ဖြိုးရေးကော်မတီဥက္ကဋ္ဌ အကယ်ဒမီဒေါ်ဆွေဇင်ထိုက်နှင့် ဒုတိယဥက္ကဋ္ဌဒေါ်လှမြင့်တို့က လက်ခံစဉ်။** (ဟော်ကီအဖွဲ့ချုပ်)

## ဒုတိယအကြိမ် ဓမ္မပူဇာတရားပွဲ

**ရန်ကုန် ဒီဇင်ဘာ ၂၃**

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် (င)ရပ်ကွက် သန္တာ ၁၄လမ်းတွင် ၂၅ရက် ဘဒ္ဒန္တသုမင်္ဂလ၊ ၂၆ရက် ဘဒ္ဒန္တကုသလ(ဓမ္မာစရိယ)၊ ၂၇ရက် ဘဒ္ဒန္တကုသလ(M.A)၊ ၂၈ရက် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ၊ ၂၉ရက် ဘဒ္ဒန္တတေဇိန္ဒာစာရ၊ ၃၀ရက် ဘဒ္ဒန္တ ဝဏ္ဏသာမိ၊ ၃၁ရက် ဘဒ္ဒန္တသုနန္ဒ ဆရာတော်များက ညစဉ် ၇ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

**ဒီဇင်ဘာ ၂၃ရက်က (၃၈)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ကြက်တောင်ပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားတွင် အမျိုးသား တံခွန်စိုက်ဒိုင်းရရှိသွားသည့် ရန်ကုန်တိုင်းအသင်းအား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ဒိုင်းဆု ချီးမြှင့်စဉ်။** (မြန်မာ့အလင်း)



# ရာသီအလိုက်ကျရောက်ဖြစ်ပွားတတ်သည့်ကြက်ရောဂါကာကွယ်ရေးသတိပေး

**ရန်ကုန် ဒီဇင်ဘာ ၂၃**

မြန်မာနိုင်ငံ၌ ကြက်ကောင်ရေ သန်း ၉၀ခန့်ရှိရာတွင် တိုင်းရင်းကြက်သန်း၇၀ကျော် ပါဝင်သည့်အတွက် အရေးပါသော တိရစ္ဆာန်သယံဇာတ အရင်းအမြစ်များဖြစ်သည်။ နိုင်ငံတော်၏ အသားကဏ္ဍထုတ်လုပ်မှုနှင့် ကျေးလက်ဒေသ တောင်သူလယ်သမားများ၏ စားနပ်ရိက္ခာနှင့် အပိုဝင်ငွေအတွက် လူမှုစီးပွားရေးအရ များစွာအထောက်အကူပြုလျက်ရှိသည်။ လွန်ခဲ့သည့် ငါးနှစ်မတိုင်မီက နှစ်စဉ်ရာသီအလိုက် ဖြစ်ပွားတတ်သည့် ကြက်လည်လိမ် ရောဂါ၊ ကြက်ဘဲဝမ်းကျရောဂါ စသည့် ကပ်ရောဂါများကြောင့် ကြက်တစ်အုပ်တစ်မလုံး ဆုံးရှုံးကြသည့်အတွက် ကျေးလက်တောင်သူများ၌ တစ်ပိုင်တစ်နိုင် မွေးမြူရေးမှ ဝင်ငွေရရှိသင့်သလောက် မရသကဲ့သို့ ကြက်ကောင်ရေ တိုးပွားသင့်သလောက် တိုးပွားမှုမရှိပါ။

၂၀၀၁ခုနှစ်မှစတင်၍ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး၏ ဦးဆောင်တိုက်တွန်း ဆောင်ရွက်မှုဖြင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဓာတ်ခွဲခန်းများတွင် နှစ်စဉ်ကျေးလက်ဒေသသုံး အပူဒဏ်ခံ ကြက်လည်လိမ် ကာကွယ်ဆေး(မျက်စဉ်း) ဆေးအဆ သန်း ၆၀နှင့် ကြက်၊ ဘဲ ဝမ်းကျရောဂါ ကာကွယ်ဆေး(တောင်ပံခြစ်) ဆေးအဆ ခြောက်သန်းတို့ကို ထုတ်လုပ်၍ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆေးထိုးကာကွယ်ခဲ့သည့်အတွက် ၂၀၀၁ခုနှစ် နောက်ပိုင်းမှစတင်၍ ကျေးလက်ကြက်များတွင် ဖြစ်ပေါ်လေ့ရှိသည့် ကြက်လည်လိမ်ရောဂါနှင့် ကြက်ဘဲဝမ်းကျရောဂါတို့ လုံးဝနီးပါးကျရောက်ခြင်းမှ ကင်းလွတ်ခဲ့သည်။ နှစ်စဉ် ကြက်လည်လိမ် $I_2$ ကာကွယ်ဆေးကို သုံးလတစ်ကြိမ်နှင့် ကြက်ဘဲဝမ်းကျ ကာကွယ်ဆေးကို ခြောက်လတစ်ကြိမ်ခြား၍ မြို့နယ်အသီးသီးရှိ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဝန်ထမ်းများက သက်ဆိုင်ရာ ဒေသအာဏာပိုင်များ၏ အကူအညီရယူ၍ ကာကွယ်ဆေးထိုးပေးနိုင်ခဲ့သည်။

ယခုအချိန်ကာလသည် ဆောင်းခိုငှက်ရိုင်းများ အင်းအိုင်ကြီးများနှင့် ရေစပ်နေရာဒေသများ၌ နားခိုတတ်သည့်အချိန်ကာလဖြစ်ခြင်း၊ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပေါ်ကျရောက်တတ်သည့် အချိန်ကာလဖြစ်ခြင်းတို့ကြောင့် ကြက်လည်လိမ်ရောဂါနှင့် ကြက်ဘဲဝမ်းကျရောဂါ ကာကွယ်ဆေး မထိုးမိပါက ကြက်လည်လိမ်ရောဂါနှင့် ကြက်ဘဲဝမ်းကျရောဂါ ကျရောက်ဖြစ်ပွားသည့်တိုင် အခြား ကြက်ငှက်တုပ်ကွေးရောဂါ စသည်တို့နှင့် မှားယွင်းစွာ သတင်းပေးပို့မှုဖြစ်ပေါ်နိုင်သဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက အရေးယူဆောင်ရွက်သည့်အခါ မလိုလားအပ်ဘဲ ကြန့်ကြာရှုပ်ထွေးမှုများ ဖြစ်ပေါ်နိုင်သည်။

သို့ဖြစ်ပါ၍ ဒီဇင်ဘာလသည် ကျေးလက်ကြက်များအား ကြက်လည်လိမ်ရောဂါနှင့် ကြက်ဘဲ ဝမ်းကျရောဂါအတွက် ကာကွယ်ဆေးထိုးရန် အချိန်ကာလဖြစ်သည့်အားလျော်စွာ ကြက်လည်လိမ်ရောဂါနှင့် ကြက်ဘဲဝမ်းကျရောဂါ ကာကွယ်ရေးအတွက် ကျယ်ကျယ်ပြန့်ပြန့် စနစ်တကျ ဖိဖိစီးစီး ကာကွယ်ဆေးထိုးကြရန် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက သတိပေးနှိုးဆော်ထားရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဂရင်းရွိုင်ရယ်ဖလားဘောလုံးပြိုင်ပွဲ မြန်မာ့လက်ရွေးစင်ပိုလ်စွဲ မြန်မာ (ယူ-၂၃) မှ ရာဇာဝင်းသိန်း အကောင်းဆုံးဆုရရှိ

**မန္တလေး ဒီဇင်ဘာ ၂၃ (ဖက်စ်)**

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နှင့် International Beverages Trading Co., Ltd. တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ၂၀၀၆ ခုနှစ် ဒုတိယအကြိမ် ဂရင်းရွိုင်ရယ်ဖလား နိုင်ငံတကာဘောလုံးပြိုင်ပွဲ (Grand Royal Challenge Cup 2006) နောက်ဆုံးဗိုလ်လုပွဲစဉ်ကို ယနေ့ ညနေ ၃ နာရီခွဲက အထက်မြန်မာပြည် မန္တလေးမြို့ ဗထူးအားကစားကွင်း၌ ကျင်းပရာ မြန်မာ့လက်ရွေးစင်အသင်းက မြန်မာ(ယူ-၂၃)အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲသွားသည်။



ဒုတိယဆုရရှိသော မြန်မာ(ယူ-၂၃)အသင်းအား မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က ဆုငွေ ပေးအပ်ချီးမြှင့်စဉ်။

## ဦးဆောင်ဂိုး

မြန်မာ(ယူ-၂၃)အသင်းသည် အုပ်စုနောက်ဆုံးပွဲစဉ်က ရှုံးကြေးကို ပြန်ဆပ်နိုင်ရန်အတွက် ပွဲစသည်နှင့် အချိတ်အဆက်မိမိ ကစားရာ ဦးဆောင်ဂိုး ရရှိခဲ့သည်။ မြန်မာ(ယူ-၂၃)အသင်းအတွက် ဦးဆောင်ဂိုးကို ပွဲစပြီး ၄ မိနစ်အကြာတွင် လှအေးထွေးက သွင်းယူပေးသည်။ မြန်မာ့လက်ရွေးစင်အသင်းက အရှုံးဂိုး ချေပနိုင်ရေးအတွက် ကစားကွက် ပြန်ဖော်သော်လည်း မြန်မာ (ယူ-၂၃)အသင်း၏ ဖိအားပေးမှုအောက်မှ ရုန်းမထွက်နိုင်ခဲ့ချေ။

ပွဲစပြီး ၁၂ မိနစ်အကြာတွင် မြန်မာ့လက်ရွေးစင်အသင်းမှ အသင်းခေါင်းဆောင် စိုးမြတ်မင်း ထိခိုက်ဒဏ်ရာရရှိသွား၍ စိုးသီဟအောင်နှင့် လူစားလဲလိုက်ရသည်။ မြန်မာ့လက်ရွေးစင်အသင်းမှ အလယ်တန်းလူ အောင်မျိုးသန့် ကြမ်းတမ်းစွာ ကစားသဖြင့် ပွဲချိန် ၃၂ မိနစ်တွင် နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခြင်းခံရပြီးနောက် မြန်မာ့လက်ရွေးစင်အသင်း ၁၀ ဦးတည်းဖြင့် ကစားခဲ့ရသည်။ ပထမပိုင်းတွင် မြန်မာ(ယူ-၂၃)အသင်း ခြေအသာစီးမှ ကစားပြီး တစ်ဂိုးအသာဖြင့် ဦးဆောင်နိုင်ခဲ့သည်။



**ပေးအပ်ချီးမြှင့်**

**ပထမဆုရရှိသော မြန်မာ့လက်ရွေးစင်အသင်းအား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တံခွန်စိုက်ဆုနှင့် ဆုငွေ ပေးအပ်ချီးမြှင့်စဉ်။**

## ဒုတိယပိုင်း

ဒုတိယပိုင်းတွင် မြန်မာ့လက်ရွေးစင်အသင်းက အားကစားသမားများ လူစားလဲလှယ်ကာ ချေပဂိုးသွင်းယူနိုင်ရေး တိုက်စစ်အား မြှင့်တင်ခဲ့သည်။ ကျော်သူရအစား လူစားဝင်လာသည့် ကျော်သီဟက ပွဲချိန် ၅၆ မိနစ်တွင် ညာတောင်ပံမှ ဘောလုံးဆွဲယူလာပြီး ဂိုးရှေ့သို့ ကန့်လန့်ဖြတ်ဘောကန်ပို့ရာ မြန်မာ(ယူ-၂၃)အသင်းမှ နောက်တန်းလူ ထူးကျော် ဖျက်ထုတ်ရာမှ ဂိုးဝင်သွား၍ ချေပဂိုးရရှိခြင်းဖြစ်သည်။ ပွဲချိန် ၆၆ မိနစ်တွင် မြန်မာ(ယူ-၂၃)အသင်းအတွက် ရာဇာဝင်းသိန်းက ဒုတိယဂိုးသွင်းယူကာ ပြန်လည်ဦးဆောင်နိုင်ခဲ့သည်။

## အနိုင်ဂိုး

မြန်မာ့လက်ရွေးစင်အသင်းသည် အတွေ့အကြုံရင့်ကျက်ပြီး ကြံ့ခိုင်မှုကောင်းမွန်သူများပီပီ ၁၀ ဦးတည်းဖြင့် ကစားရသော်လည်း မြန်မာ(ယူ-၂၃) အသင်းကို ဖိအားပေးနိုင်ခဲ့သည်။ ပွဲချိန် ၇၅ မိနစ်တွင် မြန်မာ့လက်ရွေးစင်အသင်းအတွက် အောင်မြင့်အေးက ဒုတိယချေပဂိုးသွင်းယူနိုင်၍ ပွဲမှာ ပို၍ အကြိတ်အနယ်ရှိလာသည်။ မြန်မာ(ယူ-၂၃)အသင်းသည် ဒုတိယချေပဂိုး အသွင်းခံရပြီးနောက် စိုးရိမ်စိတ်များပြီး ကစားကွက်ပျက်သွားသည်။ မြန်မာ့လက်ရွေးစင်အသင်းအတွက် တတိယဂိုးနှင့် အနိုင်ဂိုးကို ပွဲချိန် ၈၆ မိနစ်တွင် ကျော်သီဟက ဂိုးသမားနှင့် တစ်ဦးချင်းတွေ့သည့် အနေအထားမှ သွင်းယူခဲ့ခြင်းဖြစ်သည်။



ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံး ဘောလုံးသမားဆုရရှိသော မြန်မာ (ယူ-၂၃)အသင်းမှ ရာဇာဝင်းသိန်းအား I.B.T.C ကုမ္ပဏီမှ မန်နေဂျင်း ဒါရိုက်တာ ဦးအောင်မိုးကျော်က ဆုပေးအပ်ချီးမြှင့်စဉ်။

## ဝင်ကြေးအခမဲ့

ယနေ့ပွဲစဉ်တွင် ကွင်းဝင်ကြေး အခမဲ့ဖြင့် ကြည့်ရှုခွင့်ပြုခဲ့ရာ မန္တလေးမြို့ခံ ပရိသတ်များ တစ်ခဲနက် လာရောက်အားပေးကြည့်ရှုကြသည်။ ပွဲကစားချိန်အတွင်း မြန်မာ(ယူ-၂၃)အသင်းကို ပိုမိုအားပေးကြသော်လည်း ပွဲပြီးချိန်၌ နှစ်သင်းစလုံးကို လက်ခုပ်ဩဘာပေး၍ အားပေးနှုတ်ဆက်ခဲ့ကြသည်။

## ဆုချီးမြှင့်

ဗိုလ်လုပွဲအပြီးတွင် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ I.B.T.C ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်မိုးကျော်က ဗိုလ်လုပွဲစဉ်၏ အကောင်းဆုံးဆုရရှိသော မြန်မာ(ယူ-၂၃)အသင်းမှ ရာဇာဝင်းသိန်းအား အမေရိကန်ဒေါ်လာ ၂၀၀ ကိုလည်းကောင်း၊ ပြိုင်ပွဲတစ်လျှောက် စုစုပေါင်း လေးဂိုးဖြင့် ဂိုးအများဆုံးသွင်းသူ(ရွှေဖိနပ်ဆု)ရရှိသော မြန်မာ့လက်ရွေးစင် အသင်းမှ အသင်းခေါင်းဆောင် စိုးမြတ်မင်းအား ရွှေဖိနပ်ဆုနှင့် အမေရိကန် ဒေါ်လာ ၁၀၀၀ ကိုလည်းကောင်း၊ ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးဘောလုံး သမားဆုရရှိသော မြန်မာ(ယူ-၂၃)အသင်းမှ ရာဇာဝင်းသိန်းအား ဆုတံဆိပ်နှင့် အမေရိကန်ဒေါ်လာ ၁၀၀၀ ကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

## တံခွန်စိုက်ဆု

ဆက်လက်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က ဒုတိယဆုရရှိသော မြန်မာ(ယူ-၂၃)အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် အမေရိကန်ဒေါ်လာ ၇၅၀၀ ကို ပေးအပ်ချီးမြှင့်သည်။ ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် က ပထမဆုရှိသွားသော မြန်မာ့လက်ရွေးစင်အသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ တံခွန်စိုက်ဆုဖလားနှင့် အမေရိကန်ဒေါ်လာ ၁၅၀၀၀ ပေးအပ်ချီးမြှင့်သည်။

## အမှတ်တရ

ဆုပေးပွဲအပြီးတွင် အနိုင်ရဗိုလ်စွဲသွားသော မြန်မာ့လက်ရွေးစင်အသင်း၊ I.B.T.C ကုမ္ပဏီမှ မန်နေဂျင်း ဒါရိုက်တာ ဦးအောင်မိုးကျော်နှင့် တာဝန်ရှိသူများ အမှတ်တရ ဓာတ်ပုံရိုက်ကူးကာ ၂၀၀၆ခုနှစ် ဒုတိယအကြိမ် ဂရင်းရွိုင်ရယ်ဖလား နိုင်ငံတကာဘောလုံးပြိုင်ပွဲ အောင်မြင်စွာ ပြီးဆုံးသွားကြောင်း သတင်းအချုပ် ရေးသားပေးပို့လိုက်ရပါသည်။ ။

**(မြန်မာ့အလင်း)**

**သတင်းဆောင်းပါးပေးပို့သူ - ကိုထွေး**



# မီးသတ်အသိပညာပေးဟောပြောပွဲနှင့် မီးငြိမ်းသတ်ရေးသရုပ်ပြ

**ရန်ကုန် ဒီဇင်ဘာ ၂၃**

ပထမဦးဆုံး မီးမြင်တွေ့သူသည် မီးသတ်သမားကဲ့သို့ မီးငြိမ်းသတ်နိုင်သူ ဖြစ်ရမည်ဟူသော ဆောင်ပုဒ်နှင့်အညီ မီးဘေး ကြိုတင်ကာကွယ် တားဆီးရေး အတွက် သစ်တောရေးရာဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်း သန်လျင်မြို့နယ် အမှတ်(၁၀) သစ်စက်တွင် ဒီဇင်ဘာ ၂၂ ရက် နံနက် ၉ နာရီက မီးသတ် အသိပညာ မွမ်းမံသင်တန်းဆင်းပွဲနှင့် မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးသတ် ပညာပေးဟောပြောပွဲနှင့် မီးငြိမ်းသတ် ရေးသရုပ်ပြပွဲကို ကျင်းပသည်။

## သရုပ်ပြ

အခမ်းအနားတွင် တောင်ပိုင်းခရိုင် မီးသတ်တာဝန်ခံ ဦးစီးအရာရှိ ရဲသူရ သော်ဒါနှင့်တာဝန်ရှိသူများက သင်တန်း ဆင်း မီးသတ်တပ်ဖွဲ့ဝင်များအား သင် တန်းဆင်း လက်မှတ်များ အသီးသီး ပေးအပ်ပြီး တောင်ပိုင်းခရိုင် မီးသတ် တာဝန်ခံ ဦးစီးအရာရှိ ရဲသူရသော်ဒါ က မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးလောင်မှု အကြောင်းရင်းများ၊ မီးလောင်မှု သာဓကများ၊ မီးသတ် ပညာ သိမှတ်ဖွယ်ရာတို့ကို ဟောပြော ပြီး စက်ရုံဝန်ထမ်းများနှင့် မိသားစု များက အရေးပေါ်မီးသတ်ဆေးဘူး ကိုင်တွယ် အသုံးပြုပုံတို့ကို လက်တွေ့ မီးငြိမ်းသတ်ရေး သရုပ်ပြကြသည်။

**(ဝဲပုံ)**

အခမ်းအနားသို့ သန်လျင်မြို့ အမှတ်(၁၀)သစ်စက်ဒုတိယအထွေထွေ မန်နေဂျာ (သစ်စက်) ဦးခွန်အောင်စိုး၊ လက်ထောက် အထွေထွေမန်နေဂျာ ဦးတင်ဦး၊ လက်ထောက်စက်ရုံမှူး ဦးအောင်ဝင်း၊ သန်လျင်မြို့နယ် မီးသတ်တပ်ဖွဲ့စခန်းမှ စခန်းမှူး ဦးထွန်းလင်းနှင့် သင်တန်းနည်းပြ ဆရာများ၊ သင်တန်းသား ၃၈ ဦး၊ သစ် စက်ဝန်ထမ်းများနှင့် မိသားစုများ ၄၂၀ တက်ရောက်ကြကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

**အမည်ပြောင်း** အဖ ဦးမြင့်ရွှေ၏သား အထက(၁)ဒဂုံ၊ နဝမတန်း (H)မှ မောင်အောင်ကိုဟိန်းအား မောင်အောင်ခန့်မြတ်မင်းဟု ပြောင်းလဲခေါ်ပါရန်။

**မောင်အောင်ခန့်မြတ်မင်း။**

## မော်တော်ယာဉ်မှတ်ပုံတင် အမည်ပြောင်းလျှောက်ထားခြင်း

ယာဉ်အမှတ် ဏ/၈၅၆၈ မာဇဒါ B-360 ပစ်ကပ်(၄ x၂)ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဝင်း မှတ်ပုံတင်အမှတ် ၁၂/မဂတ(နိုင်) ၀၂၁၂၄၂က အမည်ပြောင်းပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊အနောက်ပိုင်းခရိုင်ရုံး (သင်္ဃန်းကျွန်းမြို့နယ်)။**

## ပထမအကြိမ် အာစရိယပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၂၃**

ရန်ကုန်တိုင်း ကော့မှူးမြို့နယ် ဝါးဘလောက်သောက် အ–ထ–က၌ ၁၉၇၀ မှ ၁၉၈၆ ခုနှစ်အထိ ပညာသင်ကြားပေးခဲ့သော ဆရာ ဆရာမများအား ကျောင်း သား ဟောင်း များ ၏ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၂၈ ရက် (ကြာသပတေးနေ့) နံနက်၉နာရီတွင် အ–ထ–က ဝါးဘလောက်သောက်၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားဟောင်းများ တက်ရောက်ကြရန် နှိုးဆော်ထားသည်။ **(က–ပ)**

## ရွှေရတုမင်္ဂလာ ဆုတောင်းလွှာ

ပါမောက္ခ ဒေါက်တာဦးအောင်သန်းဘတူ နှင့်ဇနီး ဒေါက်တာ ဒေါ်ခင်ခင်ထွေးတို့၏ ရွှေရတုမင်္ဂလာ အထိမ်းအမှတ်အဖြစ် မဟာစည်သာသနာ့ရိပ်သာတွင် သံဃာတော်များအား ဆွမ်းကပ်လှူဒါန်း၍ ဆွေမျိုးမိတ်သင်္ဂဟတို့ကို ကျွေးမွေးဧည့်ခံ အလှူဒါနပြုလုပ်သည့် မင်္ဂလာအခါသမယ၌ ဘိုးဘွား၊ ဖခင်၊ မိခင်ဖြစ်ကြသော ဒေါက်တာဦးအောင်သန်းဘတူ နှင့် ဒေါက်တာ ဒေါ်ခင်ခင်ထွေးတို့သည် တူနှစ်ဖော်လက်တွဲပြီး လောကီလောကုတ္တရာအကျိုးကို ကြိုးပမ်းဆောင်ရွက်၍ သာယာချမ်းမြေ့သော ဘဝခရီးကို နှစ်ပေါင်းများစွာ ဆက်လက်လျှောက်လှမ်းနိုင်ပါစေဟု သား၊ သမီး၊မြေးတို့က ဆုတောင်းပတ္ထနာ ပြုအပ်ပါသည်။

**သား၊သမီးများ – ဒေါက်တာထင်အောင်၊ မခင်ဦးမြင့်**
**ဒေါက်တာသီတာအောင်၊**
**ဒေါက်တာပြည့်သက်ထွန်း။**
**မြေးများ – အိမွန်သက်ထွန်း၊ ခင်ကြေးမုံအောင်။**

## ဧစ္စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ပါရမီ၊ မဥ္ဇူလမ်း၊ အမှတ် ၁၈ နေ
ဦးမောင်မောင်တာ (Managing Director, Myint Myat Hein Co.,Ltd.)–
ဒေါ်အိအိခိုင် (Director, Myint Myat Hein Co.,Ltd.)
တို့၏သားကြီး

**မောင်ထူးမင်းမြတ် (Y.I.U.S)**

နှင့်

ရန်ကုန်မြို့၊ ကမ္ဘာအေးစေတီလမ်း၊ ဦးဘိုးတက်လမ်းသွယ်၊ အမှတ် ၅၁/A နေ
ဦးမြတ်ကျော်–ဒေါ်ခိုင်စန္ဒာလွင် (Royal Diamond ရတနာဆိုင်)
တို့၏သမီးကြီး

**မအိမြတ်စန္ဒီ (Y.I.U.S)**

တို့သည် ၂၃–၁၂–၂၀၀၆ ရက် (စနေနေ့) Sedona Hotel(Mindone Hall) ၌ နှစ်ဖက်သော ဂုဏ်သရေရှိ မိဘ ဆွေမျိုး မိတ်သင်္ဂဟများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ထူးမင်းမြတ်–မအိမြတ်စန္ဒီ။**



**မဟာဝိဇယစေတီတော်ကြီးရှိ အောင်ခြင်းရှစ်ပါး ပန်းချီကား ပေ ၃၀ x၁၀ ပေ တစ်ချပ် ပြန်လည်ရေးဆွဲခြင်းအတွက် အလှူငွေကျပ် ၇၅၀၀၀၀ကို သင်္ဃန်းကျွန်းမြို့နယ်နေ ဦးတင်ထွေး၊ ဒေါ်စမ်းစမ်းမေ မိသားစုက လှူဒါန်းရာ ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးဘုန်းကျော်နှင့် အဖွဲ့ဝင် ဦးတင်အုန်း လက်ခံယူစဉ်။** (က–ပ)

## အထွေထွေရောဂါကု ဆရာဝန်များ ညီလာခံကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၃**

မြန်မာနိုင်ငံ ဆရာဝန်အသင်း (ဗဟို) အထွေထွေရောဂါကု ဆရာဝန်များအဖွဲ့၏ (၈)ကြိမ်မြောက် အထွေထွေရောဂါကု ဆရာဝန်များ ညီလာခံကို ၂၀၀၇ခုနှစ် ဇန်နဝါရီ ၆ ရက်နှင့် ၇ ရက်များတွင် နံနက် ၈ နာရီခွဲမှ ညနေ ၄ နာရီအထိ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမ(အေ)၌ ကျင်းပမည်ဖြစ်သည်။

ယင်းညီလာခံသို့ တက်ရောက်မည့် ဆရာဝန်များသည် ၂၀၀၇ ခုနှစ် ဇန်နဝါရီ၁ရက်မှ ၅ရက်အထိ ရုံးချိန်အတွင်း မြန်မာနိုင်ငံ ဆရာဝန်အသင်းရုံးခန်း၌ စာရင်းသွင်းမှတ်ပုံတင်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရန်ကုန်စက်မှုတက္ကသိုလ် (၁၉၇၄–၈၀) မြို့ပြအင်ဂျင်နီယာ ကျောင်းသားများ အာစရိယပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၂၃**

ရန်ကုန်စက်မှုတက္ကသိုလ် ၁၉၇၄–၈၀ ပြည့်နှစ် မြို့ပြအင်ဂျင်နီယာ ကျောင်းသား ကျောင်းသူများ၏ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲကို ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၁၃ ရက် (စနေနေ့)တွင် M-3 စားသောက်ဆိုင် (ဗဟန်းအားကစားကွင်းအနီး)၌ ကျင်းပမည်ဖြစ်ရာ သက်ဆိုင်သူများအားလုံး မပျက်မကွက်တက်ရောက်ကြပါရန်နှင့် ဆက်သွယ်စုံစမ်းလိုပါက ဦးစိုးဝင်း ဖုန်း–၀၉ ၅၀၀၀၈၈၆၊ ဦးဝင်းနိုင် ဖုန်း–၀၉ ၅၀၁၄၉၄၂၊ ၀၆၇–၄၁၄၅၂၂၊ ဦးကျော်ရွှေ ဖုန်း–၀၉၅၁–၆၉၈၉၄ နှင့် ဒေါ်လှဦးနွယ် ဖုန်း–၀၉၅၀–၁၆၄၂၇ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## သာယာဝတီဂေါက်ကလပ်၌ တစ်ချက်တည်းဖြင့်ကျင်းဝင်

**ရန်ကုန် ဒီဇင်ဘာ ၂၃**

လယ်ယာဆည်မြောင်းဝန်ကြီးဌာနမှ ဒီဇင်ဘာအတွက် သာယာဝတီခရိုင်သာယာဝတီဂေါက်ကလပ်၌ ဒီဇင်ဘာ ၁၇ ရက်က ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပရာ စားဖိုမှူး စားသောက်ကုန်လုပ်ငန်းလုပ်ကိုင်သော ဦးမင်းမင်းစိုးသည် သံတုတ်နံပါတ် (8) Morita (U.S.A) တုတ်၊ ဂေါက်သီးနံပါတ် Reygrande(3) ဖြင့် ကျင်းနံပါတ်(၅) ၁၃၅ ကိုက်ကို ကစားဖော်များဖြစ်သော ဦးအောင်သန်း (သတင်းတပ်ဖွဲ့)၊ ဦးကျော်နိုင်လတ် (တရားရေးဌာန)၊ ဦးဟာကြူ (ကုန်သည်)၊ ဦးဖေအောင် (ဒု–ရဲမှူး၊ငြိမ်း) နှင့် ပြိုင်ပွဲဝင်စဉ် တစ်ချက်တည်း ကျင်းဝင်သွားခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## တန့်ကြည့်တောင်ဝိပဿနာရိပ်သာ(ရန်ကုန်) ခုနစ်ရက်အဓိဋ္ဌာန်တရားအားထုတ်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၃**

အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ တန့်ကြည့်တောင်ဆရာတော်သည် တန့်ကြည့်တောင်ဝိပဿနာရိပ်သာ(ရန်ကုန်) သို့ကြွရောက်၍ ဝိပဿနာ ခုနစ်ရက်အဓိဋ္ဌာန်ပွဲ သုံးပတ်ကို ဟောကြားပြသပါမည်။ ၂၀၀၇ခုနှစ် ဇန်နဝါရီ၁ ရက် ညနေမှ ၈ရက် နံနက်အထိ ပထမပတ်၊ ဇန်နဝါရီ ၈ ရက် ညနေမှ ၁၅ ရက် နံနက်အထိ ဒုတိယပတ်၊ ဇန်နဝါရီ၁၅ ရက် ညနေမှ ၂၂ ရက်အထိ တတိယပတ် ဖြစ်သည်။

### စာရင်းပေးသွင်းနိုင်

အဓိဋ္ဌာန်ဝင် တရားအားထုတ်လိုသူများသည် ကပ္ပိယကာရကအဖွဲ့ရုံး ဖုန်း–၆၃၈၀၈၈ နှင့် ကပ္ပိယကာရကအဖွဲ့ဝင်များထံ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

**ဒီဇင်ဘာ ၈ ရက်က ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များတွင် အသုံးပြုရန် ငွေကျပ် တစ်သိန်းရှစ်သောင်းတန်ဖိုးရှိ ဆာကူရာအမျိုးအစား ၂၁ လက်မ ရောင်စုံရုပ်မြင်သံကြားစက်တစ်လုံးကို ပြည့်စုံဝင်းနိုင်ကုမ္ပဏီ ဒါရိုက်တာ ဦးစတင်လီက မြန်မာ့ဂုဏ်ရည်လမ်း ကုမ္ပဏီအရောင်းခန်းမတွင် ပေးအပ်လှူဒါန်းရာ မင်္ဂလာတောင်ညွန့်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဌာနမှူး ဒေါ်မြမြ လက်ခံယူစဉ်။** (၂၅၉)



# စီရိုနယ်ဒို၏ ခရစ္စမတ်လက်ဆောင်ဂိုးများဖြင့် မန်ယူတို့ ပရီမီယာလိဂ်၌ ဆက်လက်ဦးဆောင်

**သတင်းမြင်ကွင်း – မြင့်စိုး**

**လန်ဒန် ဒီဇင်ဘာ ၂၃**

ပရီမီယာလိဂ် ပွဲစဉ်(၁၉) ဘောလုံးပြိုင်ပွဲများကို ဒီဇင်ဘာ၂၃ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ အမှတ်ပေးဇယား ထိပ်ဆုံးရောက် မန်ချက်စတာယူနိုက်တက်အသင်းသည် အက်စ်တွန်ဗီလာအိမ်ကွင်းတွင် ဧည့်သည်အဖြစ် သွားရောက်ကစားခဲ့သည်။

ပထမပိုင်းတွင် မန်ယူ၏တိုက်စစ်နေရာတွင် ပတ်ဂျီဆန်နှင့် ဆာဟာတို့ကို တွဲပေးပြီး ရွန်နေမပါဝင်ခဲ့ပေ။ ကွင်းလယ်မှ ရိုင်ယန်ဂစ်နှင့် ပေါလ်စခိုးတို့အတွဲက စီရိုနယ်ဒို၊ ပတ်ဂျီဆန်တို့နှင့် တွဲဖက်ကာ အက်စတွန်ဗီလာနောက်တန်းကို အကြိမ်ကြိမ် ထိုးဖောက်ကစားခဲ့သည်။

ဝဲတောင်ပံမှ စီရိုနယ်ဒို အလိမ်အခေါက် အချိုးအဖြတ်များဖြင့် ခြေစွမ်းပြကစားခဲ့သော်လည်း အက်စ်တွန်ဗီလာ နောက်တန်း မှ ဂါနက်ဘာရီ၊ ဂါရီကာဟေးလ်တို့ကို မကျော်ဖြတ်နိုင်၍လည်းကောင်း၊ ပတ်ဂျီဆန်နှင့် ဆာဟာတို့ ဂိုးသွင်းရန် ခြေလှမ်းများ နောက်ကျနေ၍လည်းကောင်း မန်ယူတို့ ပထမပိုင်းပြီးသွားသည်အထိ ဦးဆောင်ဂိုးမသွင်းနိုင်ခဲ့ပေ။

အိမ်ရှင် နည်းပြ မာတင်အိုနေးလ်၏ အက်စ်တွန်ဗီလာအသင်းသည် တိုက်စစ်မှူးများဖြစ်သည့် ခရစ်ဆတ်တန်နှင့် အက်ဘွန်လာဟာတို့၏ တန်ပြန်တိုက်စစ်၊ ကွင်းလယ်ဖန်တီးရှင် ဒေးဗစ်နှင့် ဂတ်နာတို့၏ ဂိုးပေါက်ဖန်တီးမှုများအကြား ရံဖန်ရံခါ မန်ယူနောက်တန်းကို ထိုးဖောက်ခဲ့ရာ မန်ယူပရိသတ်များ ရင်တမမဖြစ်ခဲ့ရသည်။

သို့သော်လည်း ဝါရင့်ခံစစ်မှူး ဖာဒီနန်နှင့် ဗီဒစ်တို့က ဗီလာ တိုက်စစ်မှူးများ၏ ဂိုးသွင်းလမ်းကြောင်းများကို ဖြတ်တောက်နိုင်ခဲ့သည်။

### ဒုတိယပိုင်း

ဒုတိယပိုင်း ပြန်စချိန်တွင် မန်ယူတို့ အနိုင်ဂိုးသွင်းယူနိုင်ရေး အသေအချာကစားခဲ့ရာ ပွဲချိန် ၅၈မိနစ်တွင် စီရိုနယ်ဒိုက မန်ယူအတွက် ဖွင့်ဆော်ဦးဂိုး သွင်းယူပေးလိုက်သည်။ ယင်းဂိုးကြောင့် မန်ယူတို့ အက်စ်တွန်ဗီလာကို ပို၍ဖိကစားလာသည်။ ဒုတိယပိုင်းတွင် ပတ်ဂျီဆန်အစား ရွန်နေ ဝင်ကစားခဲ့သည်။

ပွဲချိန် ၆၃ မိနစ်တွင် ဝဲဘက်တောင်ပံမှ အက်စ်တွန်ဗီလာဂိုးရှေ့သို့ ရောက်ရှိလာသည့်ဘောလုံးကို ပေါလ်စခိုးက ဘောလုံးမြေမကျဘဲ မနားတမ်း ကန်သွင်းလိုက်ရာ ဘောလုံးမှာ ဘားတန်းအောက်ဘက်ကိုထိမှန်ပြီး ဂိုးဝင်သွားခဲ့သည်။

မန်ယူတို့ နှစ်ဂိုးအသာရထား၍ ကစားကွက်ပို၍ လျင်မြန်သွက်လက်လာရာ ပွဲချိန် ၈၅ မိနစ်တွင် အဖွင့်ဂိုးသွင်းယူခဲ့သည့် စီရိုနယ်ဒိုက အပိတ်ပွဲသိမ်းဂိုးကို ထပ်မံသွင်းယူနိုင်ခဲ့သည်။

မန်ယူအတွက် နှစ်ဂိုးသွင်းယူပေးခဲ့သည့် စီရိုနယ်ဒိုသည် ယင်းပွဲစဉ်တွင် အကောင်းဆုံး ဘောလုံးသမားဆုကိုလည်း ဆွတ်ခူးနိုင်ခဲ့သည်။

ပွဲအပြီး မန်ယူတို့ သုံးဂိုး–ဂိုးမရှိဖြင့် အက်စ်တွန်ဗီလာကို အနိုင်ရလိုက်၍ အမှတ်ပေးဇယားတွင် ၁၉ပွဲကစား ၁၅ပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးပြီး ရမှတ် ၄၇ မှတ်ဖြင့် ပရီမီယာလိဂ်ပြိုင်ပွဲ ခရစ္စမတ်ကာလတွင် ဆက်လက်ဦးဆောင်ခွင့် ရရှိသွားသည်။

### လီဗာပူး–ဝက်ဖို့ဒ်

လီဗာပူးအသင်းသည် အိမ်ကွင်း၌ ဝက်ဖို့ဒ်အသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ကစားခဲ့သည်။ လီဗာပူးကစားသမား ဘယ်လာမီ၏ ပရီမီယာလိဂ် စတုတ္ထမြောက်ဂိုးဖြင့် လီဗာပူးတို့ ပရီမီယာလိဂ်တွင် ငါးပွဲဆက်တိုက် အောင်ပွဲခံနိုင်ခဲ့သည်။

ပထမပိုင်းတွင် ဝက်ဖို့ဒ်ဂိုးသမား ဘင်ဖော်စတာ လီဗာပူးတို့၏ ဂိုးသွင်းယူခဲ့မှုများကို များစွာကာကွယ်ပေးနိုင်ခဲ့သည်။ သို့သော်လည်း ဝက်ဖို့ဒ်မှ ဘန်ကူရာ အကောင်းဆုံးကန်ခွင့်ရရှိခဲ့ရာတွင် ဂိုးဘားတန်းပေါ် ကျော်သွား၍ ချေပဂိုးနှင့် လွဲခဲ့ရသည်။



**မန်ယူအတွက် အဖွင့်ဂိုးသွင်းပြီး အောင်ပွဲခံနေသော စီရိုနယ်ဒို။** (ဓာတ်ပုံ–အင်တာနက်)

### အာဆင်နယ်ဂိုးပြတ်နိုင်

လီဗာပူးအသင်း၏ ပြိုင်ဘက် အာဆင်နယ်က အိမ်ကွင်း၌ ဘလက်ဘန်းကို ခြောက်ဂိုး–နှစ်ဂိုးဖြင့် ဂိုးပြတ်သွင်းယူနိုင်ခဲ့သည်။ အာဆင်နယ်အသင်းအတွက် ဂိုးများကို ဂီဘာတိုဆီးဗာ၊ လက်ဘ်၊ အဒီဘာယော၊ ဗန်ပါစီနှင့် ဖလာမီနီတို့က အသီးသီးသွင်းယူပေးနိုင်ခဲ့သည်။

အာဆင်နယ်အသင်းသည် ၁၉ ပွဲကစား ကိုးပွဲနိုင်၊ ခြောက်ပွဲသရေ၊ လေးပွဲရှုံးပြီး ရမှတ် ၃၃ မှတ်ဖြင့် စတုတ္ထနေရာတွင် ရပ်တည်လျက်ရှိသည်။

### အခြားပွဲရလဒ်များ

| | | |
|---|---|---|
| **ဖူလ်ဟမ်** | ၀–၀ | **ဝက်စ်ဟမ်း** |
| **မန်စီးတီး** | ၀–၂ | **ဘော်လ်တန်** |
| **မစ်ဒယ်ဘရော့** | ၂–၀ | **ချာလ်တန်** |
| **နယူးကာဆယ်** | ၃–၁ | **တော့တင်ဟမ်** |
| **ပို့စ်မောက်** | ၃–၁ | **ရှက်ဖီး** |
| **ရက်ဒင်း** | ၀–၂ | **အဲဗာတန်** |
| **ဝီဂန်** | ၂–၃ | **ချယ်လ်ဆီး။ (အင်တာနက်)** |



STAR SURFACE COATINGS WOOD



လက်ဆောင်တံ့ပြန်ပွဲကြီး

UPG မှ ထုတ်လုပ်လိုက်သော STAR WOOD သစ်အရောင်တင်သုတ်ဆေးအမျိုးမျိုးကို တစ်စိုက်မတ်မတ်ဝယ်ယူအားပေးကြသည့်အတွက် UPG မှ အထူးပင်ကျေးဇူးတင်ရှိပါကြောင်းနှင့် UPG STAR WOOD ကလည်း ၂၀၀၆ ခုနှစ်အတွက် ဝယ်ယူအားပေးကြသော သုံးစွဲသူ၊ လုပ်ငန်းရှင်၊ ဆေးသုတ်ဆရာများကို ကျေးဇူးတုံ့ပြန်သောအားဖြင့် မိမိတို့လက်ဝယ်ရှိ STAR WOOD ပုံးခွံများနှင့် Shopping Coupon (သို့)T-Shirt လူကြိုက်များရွေးချယ်သည့်အတိုင်း လက်ဆောင်များပေးအပ်သွားမည်ဖြစ်ပါကြောင်း UPG က သတင်းကောင်းပါးအပ်ပါသည်။

STAR WOOD ပုံး [ ၂ ] အရွယ်အစား သုံးစွဲသူ လုပ်ငန်းရှင် ဆေးသုတ်ဆရာများအတွက်
ရန်ကုန်မြို့ နှင့် မန္တလေးမြို့တွင် အခမ်းအနားဖြင့် လက်ဆောင်တုံ့ပြန်ပေးအပ်မှာ ဖြစ်ပါတယ်။

လူကြိုက်များတို့လက်ဝယ်ရှိ STAR WOOD ပုံးခွံများကို လက်ဆောင် Shopping Coupon (သို့မဟုတ်) STAR WOOD T-Shirt ဖြင့် လူကြိုက်များရွေးချယ်သည့်အတိုင်းလဲလှယ်နိုင်ရန်နှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ရန်ကုန်တွင် ( ၁၃ . ၁ . ၂၀၀၇ )နှင့် မန္တလေးတွင် ( ၂၀ . ၁ . ၂၀၀၇ ) ရက်နေ့အတွင်း– အောက်ပါဖုန်းနံပါတ်များသို့ အချိန်မီဆက်သွယ်၍ ပုံးခွံများအပ်နှံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

UPG
Manufactured by
UNITED PAINTS GROUP CO., LTD.

BM TRADA ISO 9001:2000
Certificate Number : 2082

Marketing & Sales UPG Co., Ltd.
၁။ ဦးကျော်ကျော်နိုင်၊ ဦးဆောင်မန်နေဂျာ(Yangon) ဖုန်း၊ ၀၁–၂၀၅၃၃၅၊ ၀၁–၂၉၉၄၃၂
၂။ ဦးစော်မင်းဦး၊ ဦးဆောင်မန်နေဂျာ(Mandalay) ဖုန်း၊ ၀၂–၈၀၈၀၁၊ ၀၂–၈၀၁၄၉




နှစ်ဖက်သော မိဘများအားရည်စူး၍ ရန်ကုန်မြို့ လှိုင်မြို့နယ် (၁၆)ရပ်ကွက် မာလာမြိုင်(၃)လမ်းနေ ဦးစိုးသိန်း–ဒေါ်ခင်မေဝင်း၊ သားသမီးများဖြစ်ကြသော ဦးကျော်ကျော်မိုး–ဒေါ်စိုးစိမ့်ခိုင်၊ ဦးသန့်ဇင်–ဒေါ်စိုးစိမ့်လတ်၊ ဦးအောင်အောင်ကြည်–ဒေါ်စိုးစိမ့်အိ၊ ဗိုလ်ကြီးစိုးလူလ၊ မြေးများဖြစ်ကြသော အောင်စည်သူထက်၊ မောင်လင်းထက်အောင်၊ မောင်သီဟကျော်ဇင်တို့က ဇေယျဝတီတိုင်း မြန်အောင်မြို့ ပရဟိတ မြို့ရွှေကျောင်းတိုက် မြန်အောင်သမ္မုဒ္ဒေစေတီရံများ ရာသက်ပန်ရွှေသင်္ကန်း ထာဝရပဒေသာပင် တစ်ပင်အတွက် ငွေကျပ် တစ်သိန်း လှူဒါန်းရာ သာသနာပြုဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။ (က–ပ)

## ဖျာပုံအလက(၁)အာစရိယပူဇော်ပွဲကျင်းပမည်

ဖျာပုံ ဒီဇင်ဘာ ၂၀

ဖျာပုံမြို့ အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်း(ယခင် ရပ်တိတ်ကျောင်း)၌ ကျောင်းသားကျောင်းသူဟောင်းများ၏ တတိယအကြိမ် အာစရိယပူဇော်ပွဲကို ၂၀၀၇ ခုနှစ် မတ် ၂၇ ရက်တွင် အလက(၁) ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အလှူငွေများကို ဖျာပုံမြို့ အလက(၁) ဖုန်း–၀၄၅–၄၀၆၇၀၊ ဦးမောင်မောင်ဦး(ပြည်ထောင်စုမှန်ဆိုင်) ဖုန်း–၀၄၅–၄၀၁၀၂၊ ဦးရဲမျိုးထွဋ် (ဘုရားသားကဖီး) ဖုန်း–၀၄၅–၄၀၁၉၃၊ ဦးသန့်ဇင်–ဒေါ်ခင်မာစိန် (စားသောက်ဆိုင်)၊ ဒေါ်စန်းစန်းယု(စံမတူ ရွှေဆိုင်) ဖုန်း–၀၄၅–၄၀၁၆၈၊ ဒေါ်စောလှမြင့် ဖုန်း ၀၄၅–၄၀၂၇၄၊ ဦးဝင်းထွဋ် ဖုန်း–၀၁–၅၃၇၀၇၄၊ ဦးစိုးနိုင်–ဒေါ်ထားထားမျိုး ဖုန်း–၀၁–၂၇၃၀၃၆နှင့် မသစ်သစ်ဦး ဖုန်း –၀၁–၂၂၁၆၃၈ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (၃၇၉)



## သီရိသောဘဏာ ဓမ္မသဘာဓမ္မာရုံ ရေစက်ချပွဲ

ရန်ကုန် ဒီဇင်ဘာ ၂၃

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် မြေနီကုန်းရပ်ကွက်ရှိ ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ပရိဝုဏ်၌ ငွေကျပ်သိန်း ၂၀၀၀ကျော် အကုန်အကျခံ တည်ဆောက်ပြီးစီးခဲ့သော သီရိသောဘဏာ ဓမ္မသဘာ နှစ်ထပ်ဓမ္မာရုံ **(အပေါ်ပုံ)** ရေစက်ချပွဲကို ဒီဇင်ဘာ ၂၄ရက်တွင် ကျင်းပမည် ဖြစ်ရာ ဆရာတော်၊ သံဃာတော်အပါး ၁၀၀ ကျော်တို့ ကြွရောက်တော်မူမည်ဖြစ်ပြီး သင်္ကန်းတစ်စုံလျှင် ငွေကျပ် ၅၀၀၀ နှင့် တစ်ပါးလျှင် နဝကမ္မဝတ္ထုငွေကျပ် ၁၅၀၀၀ ဖြင့် လှူဒါန်းလိုသူများသည် ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာသို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## စာပေဟောပြောပွဲ ဖီးကုန်းမြို့၌ ကျင်းပ

ဖီးကုန်း ဒီဇင်ဘာ ၂၁

မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ ၁၃၆၈ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲကို ဒီဇင်ဘာ ၁၉ ရက်ညက ပဲခူးတိုင်း ဖီးကုန်းမြို့နယ် ခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌထံမှ ပေးပို့သည့် စာဆိုတော်နေ့သဝဏ်လွှာကို မြို့နယ်အတွင်းရေးမှူး မင်းသွေးနွယ် (ဖီးကုန်း)က ဖတ်ကြားသည်။

**ဆုချီးမြှင့်**

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်တင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စိုး (အောင်စိုးတိရစ္ဆာန်ဆေးကုဆရာဝန်)က သက်ကြီးစာပေပညာရှင် ဦးအေးလွှန်း (ဆရာလွှန်း – ဖီးကုန်း)အား နိုင်ငံတော်မှ လှူဒါန်းထောက်ပံ့သည့်ငွေကျပ်တစ်သိန်းနှင့် လက်ဆောင်ပစ္စည်းများကို မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ကိုယ်စား ပေးအပ်သည်။

**နှုတ်ခွန်းဆက်**

၂၀၀၆ခုနှစ်အတွင်း နိုင်ငံတော်အဆင့် စာပေပြိုင်ပွဲများတွင် ဆုရရှိကြသူများအား မြို့နယ်ဥက္ကဋ္ဌဦးအောင်တင်က ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ဆက်လက်၍ စာရေးဆရာကြီးများဖြစ်ကြသော သုမောင်က ကဗျာနှင့် ဂီတစာပေ၊ နန္ဒာမိုးကြယ်က ရောက်တတ်ရာရာ စာကဗျာ၊ တက္ကသိုလ်ကိုလတ်က ဘဝနှင့်စာပေ၊ ကြယ်တစ်လုံးက အနုပညာကြယ်တစ်လုံး ခေါင်းစဉ်ဖြင့် သုတ၊ ရသစာပေအဖြာဖြာတို့ကို ဟောပြောကြသည်။ **(က–ပ)**

## မီးဘေးရှောင် မလောင်ခင်တား

ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ် ၃၉ လမ်း အမှတ် (၅၃) နေ ဦးကျော်ညွန့်– ဒေါ် ခင် သိန်း မိ သား စု က သုံးထပ် ဘိုးဘွား ဆောင် သစ် ကြီး အတွက် ငွေကျပ် တစ် သိန်း ကို နှင်း ဆီ ကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ရှိန်ထံ ပေးအပ် လှူဒါန်းစဉ်။ (က–ပ)



သန်လျင်မြို့ ပဲခူးစုရပ်ကွက် ပဲခူးစုလမ်းတွင် သုံးလက်မ ရေပို့ပိုက်လိုင်း သွယ်ယူခြင်းကို ဒီဇင်ဘာ ၇ရက်က ဆောင်ရွက်ရာ လက်ထောက် အင်ဂျင်နီယာ ဦးနေမျိုးကျော် ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)



# ကွန်ပျူတာနည်းပညာ၏ ဆန်းသစ်တီထွင်မှုများ အိုင်စီတီပြပွဲ ဈေးပွဲတော် (၂၀၀၆)၌ ရှာဖွေနိုင်

**သတင်းမြင်ကွင်း–မြင့်မောင်စိုး၊ ဓာတ်ပုံ–တင်စိုး (မြန်မာ့အလင်း)**

**ရန်ကုန် ဒီဇင်ဘာ ၂၃**

အိုင်စီတီနည်းပညာများ အပြန်အလှန်အသုံးချနိုင်စေရေး အခွင့်အလမ်းများ ပေါ်ပေါက်လာစေရန်သော်လည်းကောင်း၊ အိုင်စီတီထုတ်ကုန်များနှင့် နည်းပညာတိုးတက်မှုများကို နိုင်ငံတကာနှင့်အမီလိုက်နိုင်စေရန်လည်းကောင်း၊ အိုင်စီတီပြပွဲ ဈေးပွဲတော် (၂၀၀၆)ကို ဒီဇင်ဘာ၂၃ရက်နံနက်ပိုင်းက လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာအင်ဖိုတက်၌ ဖွင့်လှစ်လိုက်ပြီဖြစ်သည်။ ယင်းပြပွဲကို ဒီဇင်ဘာ၂၅ရက်အထိ ပြသသွားမည်ဖြစ်သည်။

**စာမျက်နှာ ၇ ကော်လံ ၁** ❐



ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်များအသင်းက ကြီးမှူး၍ အိုင်စီတီပြပွဲ ဈေးပွဲတော်(၂၀၀၆)နှင့် ပညာရေးအထောက်အကူပြု ပရော့ဂျက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားအပြီး ပြခန်းများကို ကြည့်ရှုအားပေးစဉ်။

ဓာတ်ပုံ–တင်စိုး (မြန်မာ့အလင်း)

**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ၂၀၀၆ခုနှစ် ဒီဇင်ဘာစတုတ္ထပတ် လူထုအားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲ နေပြည်တော်၌ တပျော်တပါးဆင်နွှဲ

**နေပြည်တော် ဒီဇင်ဘာ ၂၃**

နိုင်ငံတော်၏ လူမှုရေးဦးတည်ချက်(၄)ရပ်အနက် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဟူသော လူမှုရေးဦးတည်ချက်နှင့်အညီ အားကစားဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသော ၂၀၀၆ခုနှစ် ဒီဇင်ဘာစတုတ္ထပတ် လူထုအားကစားလှုပ်ရှားမှုစုပေါင်းလမ်းလျှောက်ပွဲနှင့် ၂၀၀၆ခုနှစ် ပထမအကြိမ် နေပြည်တော်မီနီမာရသွန်ပြိုင်ပွဲကို ယနေ့နံနက်၅နာရီက နေပြည်တော် မြို့မဈေးရှေ့၌ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်၍ ၂၀၀၆ခုနှစ် ဒီဇင်ဘာစတုတ္ထပတ် လူထုအားကစားလှုပ်ရှားမှုစုပေါင်းလမ်းလျှောက်ပွဲကို တပျော်တပါး ပါဝင်ဆင်နွှဲသည်။

**စာမျက်နှာ ၉ ကော်လံ ၁** ✳

# သီးနှံများတိုးတက်စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေး အထောက်အကူပြု နန့်ကသူကွန်ချောင်းနှင့်မမြ ရေလှောင်တမံစီမံကိန်းများ နွေစပါးတိုးချဲ့စိုက်ပျိုးနိုင်မည့်အပြင် ရေကြီးနစ်မြုပ်ခြင်းမှ ကာကွယ်နိုင်

**ကွင်းဆင်းမေးမြန်းရေးသားသူ–ကျော်စိန်၊ ဓာတ်ပုံမှတ်တမ်း–သိန်းဝင်းလေး (မြန်မာ့အလင်း)**

**ရန်ကုန် ဒီဇင်ဘာ ၂၃**

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော နိုင်ငံသားများအတွက် အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်ပြီး အဓိကတာဝန်ကြီးလေးရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနသည်လည်း နိုင်ငံတော်၏အဓိကစီးပွားတိုးတက်ရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိကသီးနှံများဖြစ်သည့် စပါး၊ ကြံ၊ ဝါနှင့်ပဲမျိုးစုံတို့ တိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ရန် စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်။




**မမြရေလှောင်တမံ**

ထိုသို့ ဆောင်ရွက်ရာတွင် စိုက်ပျိုးသီးနှံများ တိုးတက်စိုက်ပျိုးထုတ်

**စာမျက်နှာ ၁၀ ကော်လံ ၁** ●

**မမြရေလှောင်တမံ စီမံကိန်းတွင် ပါဝင်သည့် အကျယ်ပေ ၁၅၀(အရေးပေါ် ရေပိုလွှဲ အကျယ်ပေ ၃၀၀)၊ အလျားပေ ၁၂၈၀ရှည်ပြီး သံကူကွန်ကရစ် (Ogee Type) ရေပိုလွှဲတည်ဆောက်မှု မြင်ကွင်းကို ဒီဇင်ဘာ ၈ရက်က ဤသို့တွေ့ရသည်။**

ဓာတ်ပုံမှတ်တမ်း–သိန်းဝင်းလေး (မြန်မာ့အလင်း)



**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၉)မှ ဧရာဝတီတိုင်း မြန်အောင်မြို့နယ် မျှင်ဝါးတောင်ကျေးရွာအနီးတွင် တည်ဆောက်လျက်ရှိသည့် မမြရေလှောင်တမံစီမံကိန်း၌ ပါဝင်သည့် အလျားပေ ၆၄၀၊ အရွယ်အစား ၄ပေ X ၆ပေ နှစ်ပေါက်ပါ သံကူကွန်ကရစ် ရေထုတ်ပြွန်တည်ဆောက်ပြီးစီးမှု မြင်ကွင်း။**

ဓာတ်ပုံမှတ်တမ်း–သိန်းဝင်းလေး (မြန်မာ့အလင်း)